# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

# ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေတွင်ရှိနေပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်

## ထိုကဲ့သို့ ကောင်းမွန်သည့် လုပ်ဆောင်ချက်ကောင်းများနှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား အစိုးရအဖွဲ့ရုံး ဧည့်ရိပ်သာ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





မြန်မာ့အလင်း

# ဈေးကွက်စီးပွားရေးစနစ် အားကောင်းမောင်းသန်အောင်မြင်ရေး

အတိတ်ကာလက ဗဟိုဦးစီးစနစ်နှင့် စီမံကိန်းချစီးပွားရေးစနစ်တို့ကို ကျင့်သုံးခဲ့ဖူးသော မိမိတို့နိုင်ငံ၏ မျက်မှောက်ကာလ စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ ဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကသာ ဈေးကွက်စီးပွားရေးစနစ်ကို အဓိကမောင်းနှင်နေခြင်းဖြစ်ပြီး အစိုးရက ပါဝင်စွက်ဖက်မှု ကင်းနိုင်သမျှ ကင်းခြင်းက အကောင်းဆုံးဖြစ်သည်။

သို့ရာတွင် ဈေးကွက်စီးပွားရေးယန္တရားကြီး အောင်အောင်မြင်မြင်နှင့် အရှိန်အဟုန်ကောင်းစွာ လည်ပတ်နိုင်ရေးအတွက်မူ အစိုးရက အထောက်အပံ့ကောင်းများ ဆောင်ရွက်ပေးနိုင်ရန်မှာမူ မလွဲမသွေလိုအပ်သည်။ အထူးသဖြင့် မိမိတို့ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို လွယ်လွယ်ကူကူတည်ထောင်နိုင်ရေး၊ ငွေပင်ငွေရင်းများ ရရှိနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ရရှိရေး၊ စွမ်းအင်နှင့် ခေတ်မီနည်းပညာများ လွယ်ကူစွာရရှိနိုင်ရေး စသည့်ပတ်ဝန်းကျင်ကောင်း ကို ဖန်တီးပေးရန်မှာ အစိုးရကသာ ဆောင်ရွက်ပေးနိုင်သော လုပ်ငန်းများဖြစ်သည်။ နိုင်ငံတော်အစိုးရက လိုအပ်သော မူဝါဒများ ချမှတ်ပေးခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ပြဋ္ဌာန်းပေးခြင်း၊ လုပ်ငန်းရှင်များနှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍ ဆွေးနွေးခြင်းနှင့် ၎င်းတို့၏ အခက်အခဲများကို ဖြည့်ဆည်းပေးခြင်း၊ ကူညီဖြေရှင်းပေးခြင်းအားဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်များကို ဝင်ရောက်ထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်တွင် ကျဆင်းနေသည့် စီးပွားရေးကဏ္ဍကို မြှင့်တင်ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားရေးအတွက် တွန်းအားပေးဆောင်ရွက်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရှိနေသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အကြိမ်များစွာ တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ဖြည့်ဆည်းမှုများ၊ ဖြေရှင်းပေးမှုများ ပြုလုပ်ပေးခဲ့သည်။ ဩဂုတ် ၁၁ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ခရီးစဉ်တွင် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးရာတွင် "ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သဖြင့် အစိုးရက ဆောင်ရွက်မှုများသည်သာမက ဒေသအလိုက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တစ်ဦးချင်းကြိုးစားအားထုတ်ရန် လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးသည် ကုန်ထုတ်စွမ်းအားမြင့်မားရေးအတွက် ရေ၊ မြေသယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များ အားကောင်းသည့် ဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အဓိကဆောင်ရွက်နိုင်စွမ်းရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါဝင်သည်။ နိုင်ငံ့စီးပွားရေးအတွက် အားထားရသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ အစိုးရနှင့် ပုဂ္ဂလိက လက်တွဲညီညီ ဆောင်ရွက်ကြိုးပမ်းမှုဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိလာကာ ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊ ဒေသခံပြည်သူတို့၏ ဝင်ငွေနှင့်စားသုံးမှုတို့ မြင့်မားလာရေး၊ အခွန်ဝင်ငွေများ ပိုမိုတိုးပွားလာရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားဖြစ်သည့်အလျောက် ဥပဒေနှင့်အညီ တရားဝင်လမ်းကြောင်းပေါ်တွင် နိုင်ငံ့စီးပွားအထောက်အကူပြုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ရှင်သန်ဖွံ့ဖြိုးနိုင်ရေးအတွက် အဂတိလိုက်စားမှုများ ကင်းရှင်းရေး၊ တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရေး စသည့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များတွင် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကြရမည်ဖြစ်သလို မိမိတို့၏ လုပ်ငန်းများ အောင်မြင်ရေးကိုလည်း မိမိအကျိုး၊ နိုင်ငံတော်အကျိုး အလို့ငှာ အားထုတ်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# ခူမီးအမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၄၁ / ၂၀၂၃ )

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၂၃ ခုနှစ် ၊ ဩဂုတ်လ ၁၁ ရက် )

**ခူမီးအမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်၊ အောင်စောင်လမ်း၊ အိမ်အမှတ် (၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခူမီးအမျိုးသားပါတီ**ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ခူမီးအမျိုးသားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၆) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အားအသင့်အတင့်မှ အားကောင်းမည်

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အားအသင့်အတင့်မှ အားကောင်းမည်။

**မိုး/ဇလ**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(အောင်ပန်း)၌ သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (အောင်ပန်း)တွင် EFI (Electronic Fuel Injection) သင်တန်း၊ PLC (Programable Logic Contro–ller) သင်တန်းနှင့် Phone Advance သင်တန်းများ ဆင်းပွဲကို ဩဂုတ် ၁၁ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

EFIသင်တန်းတွင် သင်တန်းသား ၁၅ ဦး၊ PLC သင်တန်းတွင် သင်တန်းသား ၁၂ ဦးနှင့် Phone Advance သင်တန်းတွင် သင်တန်းသားရှစ်ဦး စုစုပေါင်း ၃၅ ဦးဖြင့် သင်တန်းကာလ သုံးလကြာ လက်တွေ့ခန်းသုံး ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာထောက်ပံ့ပေး၍ နေထိုင်စားသောက်ရေး အခမဲ့ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းထူးချွန်ဆုရရှိသူများနှင့် သင်တန်းသားများအတွက် သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးသည်။



နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း)တွင် ၂၀၂၃ ခုနှစ် မေ ၂၂ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးပြီး ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းစတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ဂဟေ၊မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင် သင်တန်းများတွင် သင်တန်းသား ၁၃၅ ဦး၊ ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာသင်တန်း (အိပ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း) တွင် သင်တန်းသား ၄၀ စုစုပေါင်း ၁၇၅ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် ပထမနှစ်ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၁၁**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကို တက္ကသိုလ်၏ ဦးတည်ချက်များ ဖြစ်သည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဖော်ထုတ်ထိန်းသိမ်းရေးဆိုသည့် ဦးတည်ချက်များဖြင့် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)နှင့် ထမ်မံတိုးချဲ့ဖွင့်လှစ်မည့် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ(Cultural Heritage Management) ပထမနှစ်ဝင်ခွင့်သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ တက်ရောက်ရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆိုအောင်မြင်သူဖြစ်ရမည်၊ သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့် ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာ သန်စွမ်းသူဖြစ်ရမည်၊ အနုပညာဝါသနာပါသူဖြစ်ရမည်၊ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/(ပြု)/(ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်၊ မိတ္တူကို တစ်ပါတည်းပူးတွဲလျှောက်ထားရမည် စသည့် အချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

အဆိုပါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် သင်ကြားမည့် အထူးပြုဘာသာရပ်အလိုက် (၄) နှစ်သင်တန်းများဖြစ်သည့် ဂီတပညာအထူးပြု၊ သဘင်ပညာအထူးပြု၊ ပန်းချီပညာအထူးပြု၊ ပန်းပုပညာအထူးပြု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာအထူးပြု၊ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာ အထူးပြုသင်တန်းများ ဖွင့်လှစ်၍ ဘွဲ့အပ်နှင်းမည်ဖြစ်သည်။

လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး၌ ဝယ်ယူလျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ ပတ်စပို့အရွယ်ဓာတ်ပုံခုနစ်ပုံတို့နှင့် ပူးတွဲလျက် ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၄ ရက်မှ စတင်ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ ရုံးချိန်အတွင်း တိုက်ရိုက်ပေးပို့ လျှောက်ထားကြရမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီ၌ တက္ကသိုလ်ဝင်းအတွင်းရှိ စွယ်တော်ဆောင်တွင် လူတွေ့စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေတွင် ရှိနေပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေတွင် ရပ်တည်နိုင်နေခြင်းမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံး၏ ကောင်းမွန်သည့်လုပ်ဆောင်ချက်များနှင့် ဒေသခံပြည်သူလူထုတို့၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့် လုပ်ဆောင်ချက်ကောင်းများနှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

### ပညာရေးကိုအားပေးမြှင့်တင်လျက်ရှိ

ဆန်ဖူလုံမှုသည်လည်း မြင့်မားမှုရှိသည်ကို တွေ့ရှိရပြီး အရည်အသွေးကောင်းသည့် စပါးမျိုးများကို ပိုင်ဆိုင်ထားကြောင်း၊ ပညာရေးနှင့်ပတ်သက်၍လည်း ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူဦးရေ အများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပြီး ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာ အထက်တန်းကျောင်းများကို ခရိုင် ၅ဝ ၌ ဖွင့်လှစ်ထားရှိပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး၏ဆောင်ရွက်ချက်များအားလုံးကို အသိအမှတ်ပြုအားပေးပါကြောင်းနှင့် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများအနေဖြင့်လည်း မိမိတို့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ စေတီတော်ကြီးအတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများက **ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲနှင့် တိုက်ရိုက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခွင့်ရသည်မျိုးမှာ ယခင်က မရှိခဲ့ပါကြောင်း၊ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် အောက်ခြေအထိဆင်း၍ အကွက်ကျကျ ဆောင်ရွက်နေသဖြင့် အားကိုးဂုဏ်ယူမိပါ**ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်ရေး၊ မြေအရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်များ၊ ပုလဲ၊ ယူရီးယားနှင့် အခြားသော ကွန်ပေါင်းဓာတ်မြေသြဇာများစွာကို ကာလရှည်ကြာ အသုံးပြုခဲ့သဖြင့် မြေအရည်အသွေးကို ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် မြေအရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်သွားရန်လိုအပ်ချက်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တစ်ခု ဆောင်ရွက်ပေးစေလိုမှု၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် ကောင်းမွန်လျက်ရှိပြီးဖြစ်သော်လည်း အချို့သောလမ်းပိုင်းနေရာများ၌ အဆင့်မြှင့်တင်ပေးရန်လိုအပ်လျက်ရှိမှုတို့ကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

### မြေအရည်အသွေးကောင်းမွန်ရေး ထိန်းသိမ်းဆောင်ရွက်ရန်လို

ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထွက်နှုန်းတိုးတက်ရေးအတွက် သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများကို ပြည့်ဝစွာ ထည့်သွင်းရမည်ဖြစ်သကဲ့သို့ မြေအရည်အသွေးကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့် သဘာဝမြေသြဇာကို ရရှိစေနိုင်ပြီး မြေဆီမြေနှစ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ရှိပြီးဖြစ်သည့် မျိုးရင်းများ မပျောက်ကွယ်စေရေးနှင့် အရည်အသွေးကျဆင်းမှုမရှိစေရေး သုတေသနပြုလုပ်ငန်းများ အမြဲမပြတ် ဆောင်ရွက်နေရန်လည်းလိုကြောင်း၊ ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သဖြင့် အစိုးရက ဆောင်ရွက်မှုများသည်သာမက ဒေသအလိုက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တစ်ဦးချင်း ကြိုးစားအားထုတ်ရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း။

**❖ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့် သဘာဝမြေသြဇာကို ရရှိစေနိုင်ပြီး မြေဆီမြေနှစ်များလည်း ကောင်းမွန်လာမည်ဖြစ်၊ ဒေသတွင်း၌ရှိပြီးဖြစ်သည့် မျိုးရင်းများ မပျောက်ကွယ်စေရေးနှင့် အရည်အသွေးကျဆင်းမှုမရှိစေရေး သုတေသနပြုလုပ်ငန်းများ အမြဲမပြတ် ဆောင်ရွက်နေရန်လည်းလို၊**

**❖ ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သဖြင့် အစိုးရက ဆောင်ရွက်မှုများသည်သာမက ဒေသအလိုက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တစ်ဦးချင်း ကြိုးစားအားထုတ်ရန်လို၊ အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးသွားမည်ဖြစ်**

### ငါးမွေးမြူရေးပြုလုပ်ရန် ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်

စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်၍ မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများမှ ကုန်ကြမ်းများဖြင့်လည်း တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် ငါးမွေးမြူရေးပြုလုပ်ရန် ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်ကြောင်း၊ အဆင့်မြင့် ငါးထုတ်ကုန်များကို ရောင်းချနိုင်မည့် ဈေးကွက်သည်လည်းရှိပြီးဖြစ်ကြောင်း၊ နွားမွေးမြူရေးနှင့် ပတ်သက်၍လည်း အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေတွင်ရှိပြီးဖြစ်သဖြင့် တိုးချဲ့ဆောင်ရွက်မည်ဆိုပါက ဒေသနှင့် တိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

အထွက်နှုန်းကောင်းမွန်ရေးအတွက် ဓာတ်မြေသြဇာ များစွာထည့်သွင်းအသုံးပြုခြင်းသည် မူလမျိုးကောင်းမျိုးသန့်များ၏ အရည်အသွေးကို ထိခိုက်လာစေသည်ကို တွေ့ရှိရကြောင်း၊ သဘာဝမြေသြဇာကို အတတ်နိုင်ဆုံးသုံးစွဲခြင်းဖြင့် မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှုများသည် အကွက်ငယ်များဖြင့် စိုက်ပျိုးကြသဖြင့် အနည်းဆုံး ဧကွက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သကဲ့သို့ အထွက်နှုန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေများကို စနစ်တကျပြုပြင်၍ ကောက်ကွက်များပြည့်မီအောင် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများကောင်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမွန်ရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျ ပြုပြင်ရမည်၊ စိုက်ပျိုးရေ၊ အောင်ရေလုံလောက်စွာ ရရှိနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည် ဖြစ်ကြောင်း၊ အထက်ပါ အချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

### ပုသိမ်လေယာဉ်ကွင်းအဆင့်မြှင့်တင် ဆောင်ရွက်သွားမည်

လမ်းပန်းဆက်သွယ်မှုနှင့် ပတ်သက်၍ ပုသိမ်-ရန်ကုန် ဖြတ်သန်းသွားလာမှုသည် နေ့စဉ် ယာဉ်အစီးပေါင်းများစွာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း၊ နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များတွင် နေ့စဉ်ယာဉ်အစီးရေ သွားလာမှုအပေါ်မူတည်၍ လမ်းများကို အဆင့်မြှင့်တင်ရသည်ဖြစ်သဖြင့် အဆင့်မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပုသိမ်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေယာဉ်များဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည်ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက်လည်း သဘာဝအလှအပများ၊ ဒေသထွက်အစားအသောက်များနှင့် အခြားအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မိမိတို့နိုင်ငံ၌ ယခင်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားဖူလုံမှုနှင့် ပတ်သက်၍ ထိခိုက်နစ်နာခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

ပုသိမ်မြို့၏ လူနေမှုစနစ်မြှင့်တင်နိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်အောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း စည်းကမ်းစနစ်တကျအတိုင်း လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးတွင် စံနမူနာပြတိုင်းဒေသကြီးအဖြစ် ဖော်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ မြို့မိ၊ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်းများနှင့် ရှေးရာလက်မှုပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများနှင့် စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး အမြဲမပြတ် ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်းများနှင့် ရှေးရာလက်မှုပစ္စည်း အရောင်းဆိုင်များကိုလှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မုံရွာမြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးကွင်းသရုပ်ပြ

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းမြို့နယ် ကုန်းကျေးရွာရှိ စနစ်ကျလယ်ယာမြေ ဧက ၁၀၀ ၌ မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေး ကွင်းသရုပ်ပြပွဲကို ဩဂုတ် ၁၀ ရက်က ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအနေဖြင့် မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်း၊ မျိုးသန့်များအား နည်းစနစ်တကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများဖြင့် စိုက်ပျိုးနိုင်ရန် တစ်ဧက စံသတ်မှတ်ချက် ကောက်ကွက်ပြည့်မီရေး၊ လစ်ဟင်းမှုမရှိ လွယ်ကူစွာ ဆောင်ရွက်ရေးအတွက် ကြဲပက်စနစ်မှ အစေ့ချစိုက်ပျိုးသည့် Drum Seeder ဖြင့် စိုက်ပျိုးမှုနည်းပညာပေး ကွင်းသရုပ်ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများကို အမှန်တကယ် စိုက်ပျိုးသည့် ကုန်ကျစရိတ် အနည်းဆုံးဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေလိုအပ်မှုရှိလာသည့် မိုးကောင်းသောက်လယ်မြေများ အောင်ရေရရှိရေးအတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိရာတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကျောက်ဆည်ကျေးရွာအုပ်စုရှိ စနစ်ကျတစ်ဧကကွက် ၁၀၀ (စံပြဧက ၁၀၀)ကို ဆင်တပ်လျှပ်စစ် မြစ်ရေတင်မှ ဆိုလာစနစ်ဖြင့် အောင်ရေရရှိရေး ဖြန့်ဝေပေးလျက်ရှိပြီး ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများထံ သဘာဝမြေဩဇာနှင့် Gypsum မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီးနောက် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေး ကွင်းသရုပ်ပြနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းခရိုင်အတွက် လက်ဆွဲ မျိုးစေ့ချကိရိယာ Drum Seeder ပေးအပ်ပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးထံ လက်ဆွဲမျိုးစေ့ချကိရိယာ Drum Seeder များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ လက်ဆွဲမျိုးစေ့ချကိရိယာ Drum Seeder ဖြင့် မျိုးစေ့ချ သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မဘိမ်းမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့

**မဘိမ်း ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းသူဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဌေးဝင်းက တောင်သူလယ်သမားများအား ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဘိမ်းမြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ တောင်သူ ၂၂ ဦးတို့၏ မျိုးစေ့ထုတ်ဧက ၆၇ ဧကနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူ ၁၉ ဦး၏ စိုက်ဧက ၈၈ ဧက စုစုပေါင်း ၁၅၅ ဧကအတွက် တစ်ဧကလျှင် ဓာတ်မြေဩဇာတစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဓာတ်မြေဩဇာအိတ် ၁၅၅ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်း(မဘိမ်း)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပုသိမ်မြို့ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများနှင့် ပုသိမ်မြို့ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အားကစားကွင်းများ၊ အားကစားရုံများ၊ ရေကူးကန်တည်ဆောက်ထားရှိမှုနှင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ အားကစားနှင့် ကာယပညာသိပ္ပံ (ပုသိမ်) တည်ဆောက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### အားကစားကဏ္ဍမြှင့်တင်နိုင်ရေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ရှေ့ဆက်ဆောင်ရွက်သွားမည့် ဦးတည်ချက်များတွင် အားကစားကဏ္ဍမြှင့်တင်နိုင်ရေး အချက်တစ်ချက်အနေဖြင့် ထည့်သွင်းချမှတ်ထားရှိပြီးဖြစ်ပြီး အားကစားကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်ကြောင်း၊ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အားကစားကွင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လာရောက်ကြည့်ရှုနိုင်မည့် ပွဲကြည့်ပရိသတ်အင်အားပမာဏကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုကြည့်၍ ရေရှည်မျှော်တွေးဆောင်ရွက်ရန်နှင့် အဆင့်မီပြီး ခေတ်နှင့်လျော်ညီသည့် စံချိန်မီအားကစားရုံ၊ အားကစားကွင်းများဖြစ်ရန်လိုကြောင်း၊ ကားရပ်နားရန်နေရာများ၊ အရေးပေါ်အခြေအနေတွင် အဝင်၊ အထွက် လွယ်ကူအဆင်ပြေစေမည့် လူထွက်ပေါက်များကိုလည်း ထည့်သွင်းစဉ်းစားအဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ပုသိမ်) တည်ဆောက်ရာတွင် ခွင့်ပြုပေးထားသည့် မြေနေရာများကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ အဆောက်အဦများ ဆောက်လုပ်ရာတွင်လည်း မြေလပ်များမရှိစေရေး သတ်မှတ်အကွာအဝေးနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ အားကစားအဆင့်အတန်း ကောင်းမွန်အဆင့်မြင့်လာစေရေးအတွက် အားကစားကွင်းများ၊ အားကစားရုံများသည် သတ်မှတ်ထားသည့် အဆင့်အတန်းမီရန်လိုကြောင်း၊ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာလျှင် အားကစားတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နည်းပြများသည်လည်း အရည်အချင်း ပြည့်မီစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုးသိန်းအားကစားပြိုင်ကွင်းအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တိုင်အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆင့်မြင့် ရေကူးကန်တည်ဆောက်နေမှု အခြေအနေများကို စာမျက်နှာ ၆ သို့

**“အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပြီး တိုင်းချစ် ပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်”**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ မိုးလုံလေလုံအဆင့်မြင့်ရေကူးကန် တည်ဆောက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

သွားရောက်ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကြည့်စင်တည်ဆောက်ရာတွင်ပရိသတ်အရေအတွက်များများ ဝင်ဆံ့နိုင်အောင် တွက်ချက်ဆောင်ရွက်ရန်၊ ရာသီဥတုဒဏ် အထူးသဖြင့် လေပြင်း တိုက်ခတ်မှုဒဏ်ခံနိုင်အောင် တွက်ချက် ဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရေပေးဝေရေးလုပ်ငန်းသို့ရောက်ရှိကြရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်က ပုသိမ်မြို့ရေပေးဝေရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ရေမီတာများတပ်ဆင်ထားရှိမှုနှင့် ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လက်ရှိရေဖြန့်ဝေပေးနေမှုနှင့် နွေရာသီရေလိုအပ်မှုများရှိချိန်တွင် မြို့ရေလိုအပ်ချက်၊ ရေအရည်အသွေးဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ မှတ်တမ်းများ၊ ရေသန့်စင်စက်ရုံလုပ်ငန်းဆောင်ရွက်မှုများ၊ သန့်စင်ပြီးရေများအား ပြည်သူများသုံးစွဲနိုင်ရေး ဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပုသိမ်မြို့ရေပေးဝေရေးလုပ်ငန်းရှိ ရေသန့်စင်စက်ရုံ၌ ရေများအဆင့်ဆင့် သန့်စင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းတွင် ရေအရည်အသွေးဓာတ်ခွဲစစ်ဆေးမှုများကို ကြည့်ရှုစဉ်။

**အသိပညာပေးဆောင်ရွက်ရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကိုအကျိုးမဲ့ သုံးစွဲမှုမရှိစေရေး ပြည်သူများကို အသိပညာပေးဆောင်ရွက်ရန်လိုကြောင်း၊ ပုသိမ်မြို့သည် မိုးများသည့် ဒေသဖြစ်သဖြင့် မိုးရေကို စုဆောင်းသိုလှောင်၍လည်း အသုံးပြုနိုင်ကြောင်း၊ ရေသန့်စင်စက်ရုံအနီး မြစ်ကြောင်းအတွင်းသဲနုန်းတင်ခြင်းများကို လျှော့ချနိုင်ရန်အတွက် ကမ်းပါးများအနီး၌ သစ်ပင်များကို တတ်နိုင်သမျှ စိုက်ပျိုးထိန်းသိမ်းရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေသန့်စင်စက်ရုံ၌ ရေများအဆင့်ဆင့် သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**နေ့စဉ်ရေများဖြန့်ဝေပေးလျက်ရှိ**

အဆိုပါ ပုသိမ်မြို့ရေပေးဝေရေး လုပ်ငန်းအနေဖြင့် ငဝန်မြစ်အတွင်းမှ ရေများကို တစ်ရက်လျှင် ရေဂါလန် ၄ ဒသမ ၅ သန်း သန့်စင်ပေးနိုင်ပြီး ယခုအခါ ပုသိမ်မြို့အတွင်းသို့ ရေပိုက်လိုင်းများ သွယ်တန်း၍ သက်သာသောဈေးနှုန်းဖြင့် နေ့စဉ်ရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းနှင့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၃) ခုနှစ်တွင် ဆုရရှိသူများအား ဂုဏ်ပြုခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းနှင့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၃) ခုနှစ်တွင် ဆုရရှိသူများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ (NSSA) မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီနှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ UMFCCI ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ အာဆီယံကျွမ်းကျင်မှု ပြိုင်ပွဲ(၂၀၂၃) ပြိုင်ပွဲဝင်များ၊ သက်ဆိုင်ရာကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ကျွမ်းကျင်လုပ်သားများ၏ အရည်အသွေးကို မြှင့်တင်ပေးရန်နှင့် ထိုမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ၏ ရပိုင်ခွင့်၊ လူနေမှုအဆင့်အတန်းနှင့် ကျွမ်းကျင်မှုများတိုးတက်စေရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ (၂၀၂၃) တွင် မြန်မာနိုင်ငံမှ Electrical Installation နယ်ပယ်တွင် ပြိုင်ပွဲဝင် နှစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Me–dallion of Excellence နှင့် Best of Nation ဆုရရှိ၍ နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့မှုအတွက် ပြိုင်ပွဲဝင်များနှင့် နည်းပြများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မြန်မာ့ဂုဏ်ဆောင် ကျွမ်းကျင်လုပ်သားများ ထပ်မံပေါ်ထွန်းလာရေး တာဝန်ရှိသူများ၊ အသင်းအဖွဲ့များက နိုင်ငံချစ်စိတ်ဖြင့် အလေးထား ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများက အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၂၃ တွင် ပါဝင်ယှဉ်ပြိုင်၍ ဆုရရှိခဲ့သူ နှစ်ဦးနှင့် ပံ့ပိုးကူညီခဲ့သောလုပ်ငန်းရှင်များကို ဂုဏ်ပြုလက်မှတ်နှင့် NSSA အသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်လုပ်သားများကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထည်ချုပ်စက်ရုံနှင့် ဇာထိုးပန်းထိုးစက်ရုံများဖြစ်သည့် MEGA ONE GARMENT Co.,Ltd၊ SUN FLOWER LACE (2) နှင့် SHWE MINGALAR GARNMENT CO.,LTD သို့ သွားရောက်ကြည့်ရှုကြသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းက အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

## တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန်လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်မှုဖြစ်စဉ်များ ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ထားသည့်အခြေအနေများ၊ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့်ကာလအတွင်း ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်မှုများနှင့်အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များပြောင်းလဲခဲ့မှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဦးစွာရှင်းလင်းပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

## နိုင်ငံ့အနာဂတ်အတွက် ဗလငါးတန် ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်

ဆက်လက်ပြောကြားရာတွင် အသစ်ထပ်မံချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၍ အောင်မြင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျရာအခန်းကဏ္ဍက ပါဝင်ရမည်ဖြစ်ကြောင်း၊ ဦးတည်ချက်များအနက် လူငယ်များ၏ အခန်းကဏ္ဍတစ်ခုကို ထည့်သွင်းချမှတ်ထားကြောင်း၊ အနာဂတ်နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူကောင်း၊ လူတော်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ **နိုင်ငံ၏ အနာဂတ်တိုးတက်ရေးအတွက် လူငယ်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး အနာဂတ်တိုင်းပြည်ကို**

*စာမျက်နှာ ၈ သို့*

☆ **အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဦးချင်း၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုမှသည် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး အားလုံးမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လို**

☆ **တိုင်းပြည်၏ အနာဂတ်ဖြစ်သည့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့ တတ်စွမ်းသရွေ့ ဝိုင်းဝန်းအားပေးဖော်ဆောင်သွားကြရန်လို**

*စာမျက်နှာ ၇ မှ*

**ဦးဆောင်နိုင်သည့်နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊** အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာမှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ယခင်က ပညာရေးစနစ်၏အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများရှိခဲ့ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးတွင် အားနည်းချက်များရှိခဲ့ကြောင်း၊ **ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကိုများစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ တိုင်းပြည်အတွက် ရေရှည်အကျိုးကို မျှော်တွေး၍ ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၏ဆိုလိုချက်နှင့်မျှော်မှန်းချက်များကို သဘောပေါက်နားလည်ကြရန်နှင့် မိမိတို့ တတ်နိုင်သည့်ဘက်မှ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။**

### နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုနှင့် စွမ်းရည်စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် အန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့်နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာရှိတပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကိုကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင်အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအခြေအနေများအရ တပ်မတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတွင် အတူတကွ ပူးပေါင်း၍ တာဝန်ထမ်းဆောင်နေရခြင်း ဖြစ်ကြောင်း။

တပ်မတော်ကို စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၏ စွမ်းပကားမြှင့်တင်ရန်အတွက် စစ်သည်တစ်ဦးချင်း၏ စွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဦးချင်းစွမ်းရည်များရှိစေရေး အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားအားလုံး ကျန်းမာ၊ ကြံ့ခိုင်မှုရှိစေရေးအတွက် နေထိုင်စားသောက်မှုများကို တတ်နိုင်သမျှပြည့်စုံအောင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဉာဏပိုင်းနှင့်ပတ်သက်၍လည်း စစ်အတတ်ပညာများကိုသာမက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍရပ်များအားလုံးကို ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက်လည်း အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဦးချင်း၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုမှသည် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး အားလုံးမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်၏ အနာဂတ်ဖြစ်သည့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းအားပေး ဖော်ဆောင်သွားကြရန်လိုကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ် ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းမှုအခြေအနေ။** ။ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၃ မီလီမီတာမှ ၂၂ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ် တို့တွင် ၂၃ မီလီမီတာမှ ၃၂ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၃၃ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ **မိုး/ဇလ**

## မှတ်သားဖွယ်ရာမိုးရေချိန်များနှင့် မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပဲခူးမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ဟိုင်းကြီးကျွန်းမြို့နှင့် မော်လမြိုင်ကျွန်းမြို့တို့တွင် ၂ ဒသမ ၀၉ လက်မစီ၊ ငပုတောမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ဂွမြို့နှင့် လပွတ္တာမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၄၄ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ပုသိမ်မြို့တွင် ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

◆ *ကျော့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်က စတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော် အဆင့်အထိ ခမ်းနားသိုက်မြိုက်စွာ နှစ်စဉ် ရည်ရွယ်ချက်ကောင်းများစွာနှင့် ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ သို့သော်၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် အထိ ၅ နှစ်တာကာလအတွင်း အကြောင်းပြချက်အမျိုးမျိုးဖြင့် ယခင်အစိုးရမှ ကျင်းပပေးနိုင်ခဲ့ခြင်းမရှိကြောင်း၊ ထိုသို့ကြာမြင့်ချိန်ကာလအတွင်း ပြိုင်ပွဲအချို့ မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်များနှင့် ကင်းကွာစပြုလာသလို သမ္မာရင့်ဝါရင့် သက်ကြီးပညာရှင်အချို့ တိမ်းပါးကွယ်လွန်ခဲ့ခြင်းများလည်း ရှိခဲ့ကြကြောင်း၊ အခြားတစ်ဖက်တွင်လည်း ထိုကာလ မတိုင်ခင်ကတည်းကပင် မြန်မာ့ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် ဆန့်ကျင်သည့် သရုပ်လွန်ဂီတများ၊ စကားလုံးကြမ်းကြမ်းဖြင့် တေးသီချင်းများ၊ ငြိမ့်ညောင်းညက်ညောမှု၏ ဆန့်ကျင်ဘက်ဖြစ်သည့် လှုပ်ရှားကပြမှုများသည် လူငယ်ထုအတွင်း အတိုင်းအတာတစ်ခုအထိ ထိုးဖောက်ဝင်ရောက်စပြုလျက်ရှိခဲ့ကြောင်း။

ထိုသို့သော အခြေအနေများအကြားတွင် မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို ထိန်းသိမ်းဆောင်ရွက်ထားသူ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို မြတ်နိုးဖက်တွယ်ထားသူ ဝါသနာရှင် လူငယ်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြန်လည်ပေါ်ထွန်းလာရေးကို အားကိုးတကြီး မျှော်လင့်ခဲ့ကြကြောင်း။

၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့ပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်မှုအပြင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ပြီး အဂတိတရားကင်းရှင်းသည့် အကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ် ရွက်ပုန်းသီး အနုပညာရှင်များကို ဖော်ထုတ်မြှင့်တင်နိုင်ရေးအတွက်လည်း အလေးအနက်ထား မှာကြားခဲ့ကြောင်း။

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအနေဖြင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များဖြင့် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် အနုသုခုမဆိုင်ရာ ရှုထောင့်အပြင် လုံခြုံရေးရှုထောင့်နှင့်ထိုစဉ်က ရောဂါလက္ခဏာ အရှိန်အဟုန် အနည်းငယ်ရှိနေသေးသည့် ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြုသည့် ကျန်းမာရေး ရှုထောင့်ကပါ ပြည့်စုံစေ့စပ်စွာ ကြိုတင်စဉ်းစား ဆောင်ရွက်ခဲ့ကြသည့်အတွက် (၂၃) ကြိမ်မြောက် ပြိုင်ပွဲကြီးသည် ရွက်ပုန်းသီး အနုပညာရှင်များစွာ ပေါ်ထွက်လာမှုနှင့်အတူ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း။

ပြိုင်ပွဲဝင် အင်အားအနေဖြင့်လည်း နောက်ဆုံးပြိုင်ပွဲကြီး ကျင်းပရန် နီးကပ်ချိန်အထိ ကြိုတင်မျှော်မှန်းထားသည့် အရေအတွက်ထက် တက်ကြွစွာ ပိုမိုပါဝင်ခဲ့သည့်အတွက်လည်း ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ အနေဖြင့် နိုင်ငံတော်အဆင့် ပြိုင်ပွဲအခမ်းအနားကြီးတစ်ခုကိုအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရကျိုးနပ်သည့် ရလဒ်ပင်ဖြစ်ပါကြောင်း။

မြင့်မားသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ ထိုနိုင်ငံ၏ သမိုင်းနှင့်ချီပြီး ရှည်လျားခဲ့သည့် ရိုးရာ အစဉ်အလာဒြပ်ရှိဒြပ်မဲ့အထောက်အထား များအပြင် အဆင့်ဆင့်ပြောင်းလဲတိုးတက် လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှုအနုသုခုမ အစဉ်အလာများသည် အဆိုပါနိုင်ငံ၏ ထူးခြားပေါ်လွင်သည့် အဓိကသွင်ပြင် လက္ခဏာများပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏ တာဝန်များ ကို တာဝန်ယူထမ်းဆောင်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်း ပုံ အခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်း ချက်ပါ ပုဒ်မ (၂၇) အရ နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက် ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေး အတွက် ကူညီဆောင်ရွက်မည့်အချက်ကို လည်းကောင်း၊ ပုဒ်မ (၃၃) အရ နိုင်ငံတော် သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက် ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ ၃၉၀ (က) အရ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းအချက်ကို လည်းကောင်း အလေးထားလျက် ပြီးခဲ့ သည့် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအား ခြိမ့်ခြိမ့်သဲသဲ အောင်မြင်စွာ ကျင်းပခဲ့ပြီး ယခု ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲကြီးကိုလည်း နိုင်ငံတော်အဆင့် အားလျော်စွာ ခမ်းနား သိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး အတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေး ကို ကျင်းပခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဦးတည် ချက် ချမှတ်ပြီး အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ (၂၄) ကြိမ်မြောက် ပြိုင်ပွဲကြီးကို ယခင်နှစ်များ ကဲ့သို့ ပြိုင်ပွဲဝင်ဘာသာရပ်ဆိုင်ရာ ပြည့်ပြည့်စုံစုံ၊ အကဲဖြတ် ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ရွက်ပုန်းသီး ပြိုင်ပွဲဝင် လူငယ်မောင်မယ်များ အင်ပြည့် အားပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြရန် အတွက် သက်ဆိုင်ရာ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆက်စပ်ဝန်ကြီး ဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်း ပါကြောင်းနှင့် ယခင် (၂၃) ကြိမ်မြောက် ပြိုင်ပွဲမှ အားနည်းချက်များကို သင်ခန်းစာ ယူ၍ အားသာချက်များအဖြစ် ပြောင်းလဲ ကာ ပြိုင်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင် ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ယခင်ပြိုင်ပွဲ ကျင်းပနိုင်ခဲ့မှုအခြေအနေ များ၊ ယခုပြိုင်ပွဲကျင်းပမည့် အစီအမံ များနှင့် ဆုချီးမြှင့်မည့် အခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်း ရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံ က (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးတည်ချက်များ၊ဦးစီးကော်မတီ၊လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း ထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်း စဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး များ ဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင် ဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ နေပြည် တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေး မှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနား ပြင်ဆင် ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ် ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ပို့ဆောင် ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံ ကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြု ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေ ရှာဖွေရေး၊ ဆုချီးမြှင့်ရေး နှင့် အခမ်းအနားများ ကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်း ထုတ်ပြန်ရေးနှင့် လွှင့်ဆော်ရေး ဆပ် ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိ သူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များ နှင့် အစည်းအဝေးသို့ တက်ရောက်လာကြ သည့် တာဝန်ရှိသူများက (၂၄) ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်း အကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဆွေးနွေး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက် အတွင်း ပုံစံ (၁၁) ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည် ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | နှောင်ဖွဲ့ရင်တွင်း... ချစ်ခြင်း ကုဋေ (လွတ်လပ်ရောင်စဉ် အတွေးများ) | ညိုပြာညက်(ဗန်းမော်)၊ မဏိမဥ္ဇူ၊ အိမ်ချစ်မေ၊ အေးချမ်းမိုးမြေ | ဦးသန်းဝင်း ပွင့်ပန်းသစ္စာစာပေ |
| ၂။ | အမာ | မွန်ဟော်စီ | ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ |
| ၃။ | နရသူ | ခေတ်ရွေးညို | ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ |
| ၄။ | ဘားတော့ဗရက်၊ဂင်းစဘတ် ဘရီတန်၊ အက်ခမာတိုဗာ၊ ရှင်ဘောစကာနှင့်မီလော့ | နရီမင်း | ဦးကျော်ကျော်လှိုင် SMART စာပေ |
| ၅။ | ပြောဖြစ်ခဲ့သော စကားများ-၁ | နှောင်ရိုးနွယ် | ဦးနိုင်ဝင်းဇော် မိုးကောင်းမြေစာပေ |
| ၆။ | ဘဝ၏အရသာ | ညီထက် | ဒေါ်ဝတ်ရည်မောင် 10A Publishing House |
| ၇။ | စိတ်ဓာတ်ကျဆင်းနေတဲ့ ကိုရီးယားစာရေးဆရာမရဲ့ ကုထုံးမှတ်တမ်း | ရဲခေါင်မျိုး | ဒေါ်ခင်မျိုးမြတ် နန်းဒေဝီစာပေတိုက် |

ပြန်ကြားရေးဝန်ကြီးဌာန

* *ကျော့ဖုံးမှ*

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**နန့်ယင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ပဲခူးမြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၁၁ ရက်က အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည့် မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။

**စာတည်းအဖွဲ့**

















မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ညပိုင်းတွင် လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-သတင်းစဉ်















# “ရည်ရွယ်ချက်ကောင်းတွေနဲ့ တည်ဆောက်ပူဇော်ထားပြီး ကြည်ညိုသပ္ပာယ်စရာကောင်းတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပြည်သူတွေ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်” ကိုခိုင်မင်းသက်

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ထားပူဇော် အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရာ ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် မြန်မာနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများ၏ ရင်တွင်းဝမ်းသာပီတိစကားသံများနှင့် သာဓုအနုမောဒနာခေါ်ဆိုသံများကို ပြန်လည်ရေးသားဖော်ပြလိုက်ရပါသည်။



ဒေါ်သန်းသန်းဝင်း (ရန်ကုန်မြို့)



ကိုခိုင်မင်းသက် (ဇေယျာသီရိမြို့)



ဒေါ်နှင်းဆီ (ပျဉ်းမနားမြို့)

**ဒေါ်သန်းသန်းဝင်း(ရန်ကုန်မြို့)**

ဘုရားကြီး စတင်တည်ဆောက်ပူဇော်ကတည်းက ဖူးမြော်ချင်ခဲ့တာပါ။ ဘုရားကြီးက ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တယ်လို့ သိရတယ်။ ဘုရားကြီးကို ဖူးမြော်ခွင့်ပေးပြီလို့



ကိုဖြိုးကိုကို (တပ်ကုန်းမြို့)



ဒေါ်မြင့်မြင့်သိန်း (ပုဗ္ဗသီရိမြို့)

သိရတဲ့အတွက် ရန်ကုန်ကနေ လာရောက်ဖူးမြော်တာပါ။ သတင်းစာတွေ၊ တီဗွီတွေကနေ ဘုရားကြီးကို ဖူးမြော်ခဲ့ရပေမယ့် အခုလို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်လိုက်ရတဲ့အခါ ရင်ထဲမှာ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီး မုစလိန္ဒကန်၊ ကျောက်စာရုံစေတီတွေနဲ့ နဂါးရုံဘုရားကိုလည်း သွားရောက်ဖူးမြော်ခဲ့ပါတယ်။ ဗုဒ္ဓဥယျာဉ်တော်အတွင်းမှာရှိတဲ့ သုဓမ္မာဇရပ်တွေကို ကျွန်းတိုင်တွေ အသုံးပြုပြီး မြန်မာမှုလက်ရာတွေနဲ့ ရေးမှုမပျက် စနစ်တကျ ဆောက်လုပ်ထားတာကိုလည်း တွေ့ရတယ်။ အခုလို ကျယ်ကျယ်ဝန်းဝန်း စနစ်တကျ တည်ဆောက်ထားတော့ ဘုရားဖူးလာကြသူတွေအနေနဲ့လည်း ဘုရားကြီးကို ဖူးမြော်ပြီး အေးအေးဆေးဆေး အနားယူ အပန်းဖြေလို့ရတာပေ့ါ။ ထူးကဲစွာ ဖူးတွေ့ရမယ့် မာရဝိဇယဘုရားကြီးကို ပြည်သူတွေ လာရောက်ဖူးမြော်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ကိုခိုင်မင်းသက် (ဇေယျာသီရိမြို့)**

ဘုရားကြီးက ကမ္ဘာမှာ အကြီးဆုံး စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းတောက်ပမှုကို ပြနိုင်တဲ့အတွက်လည်း ပြည်သူတစ်ယောက်အနေနဲ့ အင်မတန်မှ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျောက်စာရုံစေတီတွေအတွင်းမှာရှိတဲ့ ပိဋကတ် သုံးပုံကျမ်းစာတွေကို လေ့လာကြည့်ရှုပြီး ကျောက်စာရုံတွေကနေ ထွက်တဲ့အခါမှာ ဘုရားကြီးရဲ့ မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ဖို့ စနစ်တကျ တွက်ချက် တည်ဆောက်ထားတာကိုတော့ ကျွန်တော့်အနေနဲ့ အင်မတန်မှ အံ့သြမိပါတယ်။ ဒီလို တည်ဆောက်ထားတာကို ကျွန်တော့်တစ်သက်မှာ အခုမှ တွေ့ဖူးတာပါ။ ရည်ရွယ်ချက်ကောင်းတွေနဲ့ တည်ဆောက်ပူဇော်ထားပြီး ကြည်ညိုသပ္ပာယ်စရာကောင်းတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပြည်သူတွေ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်နှင်းဆီ (ပျဉ်းမနားမြို့)**

ကျွန်မအနေနဲ့ ဒီဘုရားကြီး စတင်တည်ဆောက်ပူဇော်ကတည်းက ဖူးချင်နေခဲ့တာပါ။ ဘုရားကြီးကို ဖူးမြော်ခွင့်ပြုတဲ့အခါမှာလည်း ဖူးမြော်ချင်လွန်းလို့ မနက်အစော ထမင်း၊ ဟင်းတွေ ထချက်ပြီး သုံးဘီးဆိုင်ကယ်နဲ့ လာရောက်ဖူးမြော်ကြတာပါ။ ရုပ်မြင်သံကြားမှာပဲ ဖူးမြော်ခဲ့ရတဲ့ ဘုရားကြီးကို အခုလက်တွေ့ မျက်မြင် ဖူးတွေ့လိုက်ရတဲ့အတွက် ရင်ထဲ ဆန္ဒတွေပြည့်ဝသွားသလို ဒီနေ့ကတော့ အပျော်ဆုံးနေ့လည်း ဖြစ်သွားပါတယ်။ ဘုရားဖူးတွေ အေးအေးဆေးဆေးနားနေဖို့ အဆောင်တွေကိုလည်း စနစ်တကျ ထည့်သွင်းထားတဲ့အတွက် ဘုရားဖူးရင်း အတူလာခဲ့တဲ့ အိမ်နီးချင်း မိသားစုတွေနဲ့ အနားယူ အပန်းဖြေဖြစ်ခဲ့ကြပါတယ်။ နောက်တစ်ခါ လာရောက်ဖူးမြော်ဦးမှာပါ။ ဒီလိုမျိုး ကြည်ညိုသပ္ပာယ်ဖို့ကောင်းတဲ့ ဘုရားကြီးကို တည်ဆောက်ပူဇော်ပေးကြတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ဗုဒ္ဓဘာသာဝင်တွေကိုယ်စား အထူးကျေးဇူးတင်ပါတယ်။

**ကိုဖြိုးကိုကို (တပ်ကုန်းမြို့)**

မာရဝိဇယဘုရားကြီးကို ဖူးမြော်ခွင့်ပြုနေပြီလို့ သိရတဲ့အတွက် ကျွန်တော်တို့ သူငယ်ချင်း မိသားစုတွေစုပြီး မအားတဲ့ကြားက တကူးတက လာရောက်ဖူးမြော်ကြတာပါ။ အခုလို ဘုရားကြီးကို မျက်မြင်ကိုယ်တွေ့ လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီဘုရားကြီးက နေပြည်တော်အတွက် ဂုဏ်ယူစရာ တစ်ခုဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်တွေထဲမှာ ဉာဏ်တော်အမြင့်ဆုံး ဘုရားကြီးဖြစ်တာကြောင့် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာအဖြစ် ပေါ်ထွန်းလာခဲ့သလို ဘာသာသာသနာအတွက်လည်း အဖိုးမဖြတ်နိုင်တဲ့ ဘုရားကြီးတစ်ဆူ ဖြစ်ပါတယ်။ ဘုရားကြီးကို နေပြည်တော်က ဒေသခံတွေအပြင် တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဘုရားဖူးပြည်သူတွေ တစ်ခဲနက် လာရောက်ဖူးမြော်ကြတာလည်း တွေ့ရပါတယ်။ အနယ်နယ် အရပ်ရပ်က ဘုရားဖူးပြည်သူတွေအနေနဲ့ ဒီဘုရားကြီးကို ဖူးမြော်ပြီး နေပြည်တော်က အထင်ကရနေရာတွေကိုလည်း လာရောက်လည်ပတ်ကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်မြင့်မြင့်သိန်း (ပုဗ္ဗသီရိမြို့)**

ကျွန်မတို့ မြန်မာနိုင်ငံမှာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီးတွေထဲမှာ ဉာဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်မြတ်ကြီးကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးကို မျက်မြင်ကိုယ်တွေ့ ဖူးမြော်ရတာ အလွန်သပ္ပာယ် ကြည်ညိုစရာ ကောင်းပါတယ်။ အခုလို ရုပ်ပွားတော်မြတ်ကြီးကို ခမ်းနားထည်ဝါစွာ ထုဆစ်ပူဇော်နိုင်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တီဗွီမှာ ဖူးမြော်ရတာနဲ့ အပြင်မှာ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတာ အလွန်ကွာခြားလှပါတယ်။ ကျောက်စာရုံစေတီတွေမှာလည်း ပိဋကတ်သုံးပုံကျမ်းစာတွေကို ရေးထိုးထားတာကိုလည်း အံ့မခန်းတွေ့ရပါတယ်။ မုစလိန္ဒကန်နဲ့ နဂါးရုံဘုရားကိုလည်း သွားရောက်ဖူးမြော်နေကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ကြပြီး ကုသိုလ်ဘာဝနာပွားများကြဖို့ တိုက်တွန်းချင်ပါတယ်။

တွေ့ဆုံမေးမြန်း- လုလင်ငယ်

ဓာတ်ပုံ- လုလင်ပျို

## ဟိုပန်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်တချို့ ရေဝင်ရောက်

**ဟိုပန် ဩဂုတ် ၁၁**

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ဩဂုတ်လဆန်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ဆွမ်ချောင်းရေလျှံကာ ဩဂုတ် ၁၀ ရက် ညပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်း မြေနိမ့်ပိုင်းနေရာများတွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီး နေအိမ်တချို့ရေများဝင်ရောက်ခဲ့သည်။

ထိုသို့ ရေဝင်မှုများ ဖြစ်ပွားသည့်နေရာသို့ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေကြီးရေလျှံမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင် ရေအနည်းငယ်ပြန်ကျ၍ အဆိုပါနေရာများအား ဌာနဆိုင်ရာဝန်ထမ်းများက ဒေသခံပြည်သူများနှင့်အတူ အမှိုက်သရိုက်များ ဝိုင်းဝန်းရှင်းလင်းဖယ်ရှားလျက်ရှိကြောင်းနှင့် ညပိုင်းတွင်လည်း သက်ဆိုင်ရာ ဌာနများနှင့် ပြည်သူများက ရေကြီးမှုအခြေအနေအား အဆက်မပြတ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ပဲခူးမြို့၌ လူမှုဖူလုံရေးအကျိုးခံစားခွင့်ထုတ်ပေး

**နေပြည်တော် ဩဂုတ် ၁၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ပဲခူးမြို့ မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Fubon Garment Co.,Ltd မှ အာမခံအလုပ်သမား ဦးအောင်သူရဦး၏ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်နှင့် Sun Good Garment Myanmar Co.,Ltd မှ အာမခံအလုပ်သမား ဦးနိုင်လင်းစိုး၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို ဩဂုတ် ၁၁ ရက်က ပဲခူးမြို့ မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက အာမခံအလုပ်သမား ဦးအောင်သူရဦး ၏ အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၄၂၃၃၆၀၀ အား ကာယကံရှင်ထံသို့လည်းကောင်း၊ အာမခံအလုပ်သမား ဦးနိုင်လင်းစိုး၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၃၇၆၈၀၀၀ ကို ဖခင်ဖြစ်သူ ဦးမန်းမောင်ညိုအားလည်းကောင်း ခွင့်ပြုထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ဘီ**

## ဖျာပုံမြို့ ကျုံတာရှမ်းကွင်းကျေးရွာ၌ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲကျင်းပ

**ဖျာပုံ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၇-A)၊ ဦးပိုင်အမှတ်(၁၇/၃)ရှိ ဦးနေမျိုးဝင်း၏ လယ်မြေ ၁၀ ဧက၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးလျာထားဧက အပြည့်အဝ စိုက်ပျိုးနိုင်ခြင်းအတွက် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲကို ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

မိုးရာသီထွန်တုံးပိတ်ပွဲသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး နိုင်လင်း၊ ဖျာပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင်၊ ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ ကျုံတာရှမ်းကွင်းကျေးရွာရှိ တောင်သူများ တက်ရောက်ကြသည်။

ဖျာပုံမြို့နယ်အနေဖြင့် ၂၀၂၃- ၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးဧက ၂၁၀၅၅၆ ဧကနှင့် ရေတော်မိုးတော် ဧက ၁၅၀၃၁၇ ရှိပြီး တစ်ဧက ၁၀ တင်း တိုးတက်ထွက်ရှိရေး လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**

# အဂတိလိုက်စားမှုများကြောင့် လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တများ ပျက်စီးလာပြီး မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်များ လျော့နည်းလာ

နေပြည်တော် ဩဂုတ် ၁၁

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**





အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာ မျိုးသန့်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ အဟန့်အတားဖြစ်စေ၍ ကိုယ်ကျင့်တရားပျက်ယွင်းခြင်း ဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် အကျိုးအမြတ်တွက်ချက်ပြီး ကျူးလွန်သည့် ရာဇဝတ်မှုဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တများ ပျက်စီးလာပြီး မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်များ လျော့နည်းလာသကဲ့သို့ ကိုယ်ရည်ကိုယ်သွေးများကျဆင်းလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုလည်း နောက်ကျစေမည်ဖြစ်ပါကြောင်း၊ ယခုရှင်းလင်းဆွေးနွေးပွဲမှရရှိမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်၊ ဗဟုသုတများကို မိမိကိုယ်တိုင် သိရှိနားလည်ပြီး မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကြရန်နှင့် မိမိကစပြီး အဂတိလိုက်စားမှုကို ငြင်းဆိုကြရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးမောင်မောင်တင့်က ဝန်ကြီးဌာနများသို့ အဂတိလိုက်စားမှု ကာကွယ် တားဆီးရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်း ပြသထားရှိသည့် ဝန်ကြီးဌာန၏ အဂတိလိုက်စားမှု ကာကွယ် တားဆီးရေးဆိုင်ရာ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် နိုင်ငံတကာရေးရာနှင့် တားဆီး ကာကွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဌာနခွဲများမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝ၊ ဖြစ်ပွားရသည့်အကြောင်းရင်းများနှင့် ဆိုးကျိုးများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာများနှင့် ပတ်သက်၍ သိကောင်းစရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဝန်ထမ်းများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ ဩဂုတ် ၁၁**

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ (၂/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း ဇူလိုင် ၂၉ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာကာ မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့်အတွက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ပြည်သူများအား ဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းနေရာချထားပေးခဲ့ရကြောင်း၊ မြဝတီ - ကော့ကရိတ် အာရှလမ်းမကြီးတွင် မြေပြိုမှုကြောင့် ပျက်စီးသွားသော လမ်းပိုင်းသည် အဓိကကုန်သွယ်ရေးလမ်းကြောင်း တစ်ခုဖြစ်ပြီး ပျက်စီးသွားသော လမ်း၊ တံတားများကို လိုအပ်သည့် ပြင်ဆင်မှုများ၊ အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**



ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားသည်။

အခမ်းအနားအပြီးတွင် ကရင်ပြည်နယ်အတွင်း ရေဘေး ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ Htoo Myat Ayar မှ ငွေကျပ်သိန်း ၁၀၀၊ ဖွဲ့ကပင် သဘာဝဟိုတယ်နှင့် အပန်းဖြေဥယျာဉ် ဦးသိန်းဇော်မင်းနှင့် ဇနီး ဒေါ်နန်းယဉ်ယဉ်ထွေး မိသားစုက ငွေကျပ် ၄၅ သိန်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကရင်ပြည်နယ်အတွင်းရေကြီး ရေလျှံမှုကြောင့် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်မြို့နယ်များတွင် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၅ ခုကို ဖွင့်လှစ်၍ အိမ်ထောင်စု ၃၅၃၆ စု၊ လူဦးရေ ၁၆၂၃၄ ဦးအား ယာယီရွှေ့ပြောင်းနေရာချထားပေးခဲ့ရပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးထားကာ လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ အနည်းငယ်ထိခိုက်မှုရှိပြီး အခြေခံပညာ ကျောင်းပေါင်း ၁၃၁ ကျောင်း ပိတ်ထား၍ ရေကျသည်နှင့် တစ်ပြိုင်နက် ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန် - မန္တလေးရထားခရီးစဉ်များ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီးအတွင်း ဩဂုတ် ၁၀ ရက် နံနက်ပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ပဲခူးမြို့နှင့် အနီးပတ်ဝန်းကျင်တွင် ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိသဖြင့် ယမန်နေ့ ညနေ ၆ နာရီ မိနစ် ၄၀ ခန့်က ရန်ကုန်-မန္တလေးရထားလမ်း၊ ပဲခူး-ဘုရားကြီးဘူတာကြား မိုင်တိုင် ၄၆ မိုင် ၁၅ ဖာလုံမှ ၄၇ မိုင် ၃ ဖာလုံအထိ ရထားလမ်းပိုင်းသံလမ်းပေါ် ၁၀ လက်မခန့် ရေကျော်မှု ဖြစ်ပွားခဲ့ပြီး ရထားများစေလွှတ်ရန် မဖြစ်နိုင်သဖြင့် ပဲခူး-ဘုရားကြီး လမ်းပိုင်းအား ညနေ ၆ နာရီ ၄၁ မိနစ်တွင် ပိတ်ထားခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် အမှတ်(၅)အဆန်လူစီးအမြန်ရထားသည် ခရီးသည် ၃၈၉ ဦးဖြင့် ည ၇ နာရီတွင်လည်းကောင်း၊ အမှတ်(၃) အဆန်လူစီးအမြန်ရထားသည် ခရီးသည် ၃၂၈ ဦးဖြင့် ည ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း ပဲခူးဘူတာသို့ ရောက်ရှိရပ်တန့်ခဲ့ရသည်။

အဆိုပါ ရထားပေါ်လိုက်ပါစီးနင်းလာသူ ခရီးသည်များ၏ လုံခြုံရေးနှင့် အစားအသောက်များ အဆင်ပြေစေရေးတို့အတွက် မြန်မာ့မီးရထားနှင့် ရထားရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် အမှတ် (၉၉၄) အစုန်ကုန်ရထားသည် ပျဉ်ပုံကြီးဘူတာသို့ ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ အမှတ် (၉၂၄) အစုန်ကုန်ရထားသည် ကဒုတ်ဘူတာသို့ ညနေ ၆နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ် (၂၇၂) အစုန်ကုန်ရထားသည် ကလိဘူတာသို့ ည ၈ နာရီခွဲတွင်လည်းကောင်း၊ အမှတ် (၉၀၄) အစုန်ကုန်ရထားသည် ပိန်းဇလုပ်ဘူတာသို့ ည ၈ နာရီ ၄၅မိနစ်တွင်လည်းကောင်း၊ အမှတ်(၁) အဆန်စာပို့ရထားသည် ကျောက်တန်းဘူတာသို့ ည ၁၁ နာရီ ၁၇ မိနစ်တွင်လည်းကောင်း ရောက်ရှိခဲ့သည်။

အမှတ်(၂) အစုန်စာပို့ရထားသည် ပြွန်တန်ဆာဘူတာသို့ ယနေ့ နံနက် ၂ နာရီ ၂၃ မိနစ်တွင်လည်းကောင်း၊အမှတ်(၆)အစုန်လူစီးအမြန်ရထားသည် ခရီးသည် ၆၀၉ ဦးဖြင့် ပျဉ်ပုံကြီးဘူတာသို့ နံနက် ၅ နာရီ ၁၇ မိနစ်တွင်လည်းကောင်း၊ အမှတ်(၄)အစုန်လူစီးအမြန်ရထားသည် ခရီးသည် ၄၂၅ ဦးဖြင့် ဒိုက်ဦးဘူတာသို့ နံနက် ၆ နာရီခွဲတွင်လည်းကောင်း ရောက်ရှိရပ်တန့်ခဲ့ကြောင်းနှင့် နံနက် ၉ နာရီ ၃၅ မိနစ်တွင် တိုင်းထွာချက်အရ သံလမ်းပေါ်သို့ ရေရှစ်လက်မကျော်လျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက် ၁၀ နာရီခွဲမှစ၍ ပဲခူးဘူတာရှိ အမှတ်(၅)အဆန်နှင့် အမှတ်(၃) အဆန် လူစီးအမြန်ရထားပေါ်မှ ခရီးသည်များကို ပျဉ်ပုံကြီးဘူတာသို့လည်းကောင်း၊ ပျဉ်ပုံကြီးဘူတာရှိ အမှတ် (၆) အစုန်နှင့် အမှတ်(၄)အစုန် လူစီးအမြန်ရထားပေါ်မှ ခရီးသည်များကို ပဲခူးဘူတာသို့လည်းကောင်း RBE ရထားသုံးစင်းဖြင့် ရွှေ့ပြောင်းပေးခဲ့ပြီး လိုရာခရီးသို့ ဆက်လက်ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးသည့် ရထားလမ်းပိုင်းသည် ယနေ့ညနေ ၆ နာရီခွဲခန့်တွင် ရေပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရထားများကို ပုံမှန်ပြန်လည်စေလွှတ်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မြန်မာသတင်းစာသက်တမ်း ၁၈၇ နှစ်ပြည့်ခရီးနှင့် ၁၀၉ နှစ်ပြည့် သမိုင်းဝင် မြန်မာ့အလင်း (အပိုင်း- ၁)



## သီဟစည်သူ

"သတင်းစာတွင် ဖော်ပြပါရှိသည့် ပြည်သူ့အရေးအခင်းတို့သည် ယနေ့အဘို့၌ "သတင်း" ဖြစ်သော်လည်း နောက်နေ့တွင် "သမိုင်း"အဖြစ်သို့ ရောက်ရှိသွားကြလေသည်။ ထို့ကြောင့် သတင်းစာများသည် သမိုင်းကို မှတ်တမ်းတင်နေကြသည်ဟု ဆိုရိုးရှိလေသည်။ ဤစကားသည် မှန်၏။ သို့သော် မပြည့်စုံသေးချေ။ သတင်းစာ၏ အခန်းကဏ္ဍကို တဝက်တပျက်မျှသာ ထပ်ဟပ်ခြင်းဖြစ်ပေသည်။ အကြောင်းသော်ကား သတင်းစာများသည် သမိုင်းကို မှတ်တမ်းတင်နေကြသည်သာမဟုတ်ဘဲ အနာဂတ်သမိုင်းကိုပါ ဖန်တီးနေကြ၍ ဖြစ်သည်။ ဤနေရာတွင် သတင်းစာဟုဆိုရာ၌ စာနယ်ဇင်းတရပ်လုံးကို ဆိုလိုခြင်းဖြစ်ပါသည်"ဟု သတင်းစာဆရာကြီး ဇဝနက စာနယ်ဇင်းနှင့် နိုင်ငံရေး စာတန်းတွင် ရေးသားဖော်ပြခဲ့သည်။






မြန်မာ့သမိုင်းခေတ်ဦးသတင်းစာများဖြစ်သည့် မော်လမြိုင်ခရော်နီကယ်၊ ဓမ္မသိတင်းစာနှင့် ရတနာပုံနေပြည်တော်သတင်းစာ။

"သတင်းစာများသည် သမိုင်းကို ပြောနေကြသည်" ဆိုသော စကားကိုမူ သတင်းစာဆရာကြီး လူထုဦးလှက မိန့်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့သော အတိတ်သမိုင်းနှင့် အနာဂတ်ကိုပါ ပြောပြနေသော ခေတ်အဆက်ဆက် သတင်းစာများ၏ သမိုင်းကိုမူ သတင်းစာကဝိအဆူဆူတို့က သတင်းစာများမှ တစ်သွယ်၊ ဂျာနယ်များမှတစ်ဖုံ၊ စာအုပ်စာပေများမှတစ်နည်း အမျိုးမျိုးမှတ်တမ်းတင်ခဲ့ကြပေသည်။ ထိုထိုသော ခေတ်ဟောင်းသတင်းစာများထဲမှ စာရေးသူ ဖတ်ရှုလေ့လာမိသလောက် သမိုင်းဝင် ထူးခြားချက်များအား အကျဉ်းမျှတင်ပြလိုပါသည်။

- ❖ ယခုအထိ တွေ့ရှိရသမျှ မြန်မာနိုင်ငံတွင် ထုတ်ဝေသော သတင်းစာများအနက် အစောဆုံးဟူ၍ အမှတ်အသား တွေ့ရှိရသည့် "မော်လမြိုင် ခရော်နီကယ်သတင်းစာ" စတင်ထုတ်ဝေခဲ့သည်မှာ ၁၈၃၆ ခုနှစ် မတ် ၃ ရက်ဖြစ်သောကြောင့် ၂၀၂၃ ခုနှစ် မတ် ၃ ရက်က မြန်မာနိုင်ငံ သတင်းစာသက်တမ်းမှာ ၁၈၇ နှစ်ပြည့်၍ ၁၈၈ နှစ်ထဲသို့ ရောက်ရှိခဲ့ပေသည်
- ❖ ၁၉၁၄ ခုနှစ် ဩဂုတ် ၁၅ ရက် စနေနေ့၌ မြန်မာ့အလင်းသတင်းစာကို ရန်ကုန်မြို့၌ ဦးရွှေကြူးက စတင်ထုတ်ဝေခဲ့သည်။ ထိုအချိန်က မြန်မာ့အလင်းသတင်းစာ၏ အယ်ဒီတာချုပ်မှာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးဖြစ်၍ တာဝန်ခံအယ်ဒီတာအဖြစ် ဆရာသင်က ဆောင်ရွက်သည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြန်မာ့အလင်းသတင်းစာကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၁၀၉ နှစ် ပြည့်မြောက်ခဲ့ပြီ

အမျိုးမျိုးသော မြန်မာသတင်းစာများ၏ မူလဘူတဇာစ်မြစ်ကို ဖော်ပြရမည်ဆိုလျှင်ကား ယခုအထိ တွေ့ရှိရသမျှ မြန်မာနိုင်ငံတွင် ထုတ်ဝေသော သတင်းစာများအနက် အစောဆုံးဟူ၍ အမှတ်အသား တွေ့ရှိရသည့် "မော်လမြိုင်ခရော်နီကယ်သတင်းစာ" စတင်ထုတ်ဝေခဲ့သည်မှာ ၁၈၃၆ ခုနှစ် မတ် ၃ ရက်ဖြစ်သောကြောင့် ၂၀၂၃ ခုနှစ် မတ် ၃ ရက်က မြန်မာနိုင်ငံ သတင်းစာသက်တမ်းမှာ ၁၈၇ နှစ်ပြည့်၍ ၁၈၈ နှစ်ထဲသို့ ရောက်ရှိခဲ့ပေသည်။ မော်လမြိုင် ခရော်နီကယ် သတင်းစာမှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာဖြစ်သည်။ မြန်မာဘာသာဖြင့် အစောဆုံး ထုတ်ဝေသည့် သတင်းစာဟူ၍ သုတေသီအများက လက်ခံအမှတ်အသားပြုကြသော သတင်းစာမှာ မော်လမြိုင်မြို့မှပင် ထုတ်ဝေသည့် "ဓမ္မသိတင်းစာ" ပင်ဖြစ်သည်။ ထိုသတင်းစာကို ၁၈၄၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်ဟု သိရှိရသည်။ ထို့ကြောင့် မြန်မာသတင်းစာများ၏ သက်တမ်းမှာ နှစ်ပေါင်း ၁၈၀ ကျော်ပြီဖြစ်၍ ရာစုနှစ် နှစ်ခုစာပြည့်မြောက်ရန်ပင် နီးကပ်ခဲ့လေပြီ။ စင်စစ် မြန်မာနိုင်ငံ သတင်းစာသက်တမ်းမှာ နည်းတော့သည်မဟုတ်ချေ။

ဓမ္မသိတင်းစာ မြန်မာဘာသာဖြင့် စတင်ထွက်ပေါ်လာပြီးနောက်တွင် ရတနာပုံနေပြည်တော် သတင်းစာ၊ လောကီသုတပညာ သတင်းစာတို့ ထွက်ပေါ်လာခဲ့ပေသည်။ မြန်မာ့သမိုင်းခေတ်ဦး သတင်းစာများမှာ နေ့စဉ်သတင်းစာများမဟုတ်ဘဲ အပတ်စဉ်၊ လစဉ်ထုတ်ဝေသည့် သတင်းစာများအဖြစ်သာရှိခဲ့ပြီး ဘာသာရေးဆိုင်ရာများ၊ အမိန့်တော်ပြန်တမ်းများ၊ တိုင်းရေးပြည်ရာ သတင်းအနည်းငယ်ကိုသာ ဖော်ပြနိုင်ခဲ့ကြသည်ဟု သိရှိရသည်။

### မှတ်မှတ်ထင်ထင် အဆိုအမိန့်တစ်ခု


ထို့အတူ သမိုင်းကို လေ့လာကြည့်လျှင်မူ မြန်မာသတင်းစာများ၏ ဩဇာတိက္ကမမှာလည်း များစွာကြီးမားခဲ့ကြသည်။ မြန်မာသတင်းစာသမိုင်းတွင် မှတ်မှတ်ထင်ထင် အဆိုအမိန့်တစ်ခု ရှိခဲ့ဖူးပါသည်။ ယင်းအဆိုအမိန့်မှာ မန္တလေးမြို့တွင် မင်းတုန်းမင်းတရားကြီး လက်ထက် မြန်မာသက္ကရာဇ် ၁၂၃၆ ခုတန်ခူးလဆန်း ၇ ရက်က စတင်ထုတ်ဝေခဲ့သည့် ရတနာပုံနေပြည်တော် သတင်းစာကို မင်းတုန်းမင်းကြီးက တိုင်းသူပြည်သားတို့အား မှန်ကန်သော အသိအမြင်ကို ရရှိစေလိုသောအားဖြင့် "ငါဘုရင်မကောင်းလျှင် မကောင်းသလို ငါ့ကိုရေး၊ ငါ့မိဖုရား မကောင်းလျှင် မိဖုရားတွေကိုရေး၊ သားတော်သမီးတော် မင်းညီမင်းသားတွေ နည်းလမ်းမကျလျှင် မကျသလိုရေး၊ လွှတ်တော်တရားသူကြီးတွေ လွဲမှားလျှင် လွဲမှားသလိုရေး၊ မြို့ဝန်မတရားလျှင် မြို့ဝန်ကိုရေး၊ မင်းတို့သတင်းစာ၌ ဘာအပြစ်မှမရှိစေရ၊ နန်းတော်တွင်းကို သတင်းစာတိုက်က လူတွေ ဝင်စေထွက်စေ အဆီးအတား မရှိစေရ" ဟူသော သတင်းစာတို့၌ အမှန်တကယ် လိုအပ်လျက်ရှိသော လွတ်လပ်ခွင့်ကို ပေးခဲ့ပါသည်။

ရတနာပုံ နေပြည်တော်သတင်းစာတွင် သတင်းများကို ဒွေးချိုး၊ ရတု၊ ငိုချင်း စသည့်ပုံစံများဖြင့် ကာရန်နဘောထပ် ရေးသားဖော်ပြလေ့ရှိပြီး အထက်မြန်မာနိုင်ငံမှ သတင်းများသာမက ရန်ကုန်မြို့ သတင်းစာများမှ သတင်းအချို့ကိုလည်း ဖော်ပြခဲ့သည်ဟု ဆိုသည်။ သတင်းဌာနကိုမူ မြို့သစ်မြို့စားကြီး မဟာမင်းခေါင်က ဦးစီးအုပ်ချုပ်ကာ အယ်ဒီတာမောင်ထင် (ခေါ်) ဘိုးဝဇီရနှင့် နေမျိုးသီဝသိဒ္ဓိဘွဲ့ခံ သံတော်ဆင့် ဦးအဟီးတို့က အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရန်ကုန်ဂေဇက်သတင်းစာမှ သတင်းနှင့် ဆောင်းပါးအချို့ကိုလည်း ဘာသာပြန်ဆိုထည့်သွင်းခဲ့သည်။ ၁၂၄၇ ခုနှစ် အရောက်တွင်မူ မင်းနှင့်တကွ တိုင်းပြည်တစ်ခုလုံးသည် နယ်ချဲ့တို့လက်တွင်းသို့ သက်ဆင်းရသည့်နည်းတူ ရတနာပုံနေပြည်တော် သတင်းစာတိုက်ကိုလည်း လေလံတင်ရောင်းချခြင်းခံလိုက်ရသည်။ ထိုခေတ်က သတင်းစာသည် ယဉ်ကျေးမှုမဏ္ဍိုင်တစ်ခုပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို လေ့လာရာ၌ ထိုနိုင်ငံတွင် ဖြစ်ထွန်းခဲ့သော အနုပညာ(အဗ္ဗူတ္တဗဟိဒ္ဓ အဆောက်အဦ) ကို ကြည့်ရှုသည်ဖြစ်၍ ယဉ်ကျေးမှု အတွေးအခေါ်အဆင့်အတန်း မည်မျှမြင့်မားလှသည်ကို ထိုခေတ်ကတည်းက ရတနာပုံ နေပြည်တော်သတင်းစာကြီး ပေါ်ထွက်လာခဲ့မှုကို ကြည့်ခြင်းအားဖြင့် ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်ကြောင်း ပညာရှင်များက ဆိုသည်။

ထိုသို့ ခေတ်ဦးသတင်းစာများ ပေါ်ပေါက်လာခဲ့ပြီးနောက် သတင်းစာအများအပြား ပေါ်ထွက်လာခဲ့သည်။ ၁၈၆၉ ခုနှစ်တွင် မြန်မာသံတော်ဆင့်၊ ၁၈၇၃ ခုနှစ်တွင် ဗြိတိသျှအစိုးရက ထုတ်ဝေသည့် လောကီသုတပညာ၊ ၁၈၈၅ ခုနှစ်တွင် မြန်မာအဆွေ၊ ၁၈၉၅ ခုနှစ်တွင် ဇမ္ဗူကြက်သရေ၊ ၁၈၉၅ ခုနှစ်တွင် တိုင်းလုံးဇမ္ဗူ၊ ၁၈၉၇ ခုနှစ်တွင် ဟံသာဝတီ၊ ၁၉၀၂ ခုနှစ်တွင် မဟာဗောဓိသတင်းစာ စသည်တို့ ပေါ်ပေါက်လာခဲ့သည်။

ယင်းနောက် ဘကြီးဘဘော၊ ဦးလှဖေ၊ ဒေါ်တင်တင်တို့သုံးဦး ဦးစီး၍ သူရိယသတင်းစာကြီးကို ၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှစတင်၍ တစ်ပတ်လျှင် သုံးကြိမ်ထုတ်ဝေခဲ့ပြီး ၁၉၁၅ ခုနှစ်မှစတင်၍ နေ့စဉ်သတင်းစာအဖြစ် ထုတ်ဝေခဲ့သည်။ သူရိယသတင်းစာစတင်ထုတ်ဝေရန် ဘကြီးဘဘောက ငွေရင်း ၂၅ ကျပ်၊ ၎င်း၏ မိတ်ဆွေ ဦးလှအောင်ထံမှ ၂၅ ကျပ် စုစုပေါင်းငွေ ၅၀ ကျပ်ဖြင့်သာ စတင်ခဲ့သည်။ အဆိုပါငွေရင်း ၅၀ ကျပ်ဖြင့် "နေမင်းကြီးကဲ့သို့ အလင်းရောင်ကို ပေးစွမ်းနိုင်မည့်

*စာမျက်နှာ ၁၇ သို့*







မြန်မာ့အလင်းမဂ္ဂဇင်းနှင့် ၂၉-၁၂-၁၉၁၉ ခုနှစ်ထုတ် မြန်မာ့အလင်းသတင်းစာသစ်



မြန်မာ့အလင်းသတင်းစာအယ်ဒီတာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး




မြန်မာ့အလင်းသတင်းစာတိုက်ရှေ့မှ သတင်းစာပို့သမားများ။



မြန်မာ့အလင်းသတင်းစာကို စတင်တည်ထောင်သူ ဦးရွှေကြူး

*စာမျက်နှာ ၁၆ မှ*

သူရိယသတင်းစာကြီးကို ထုတ်ဝေတော့မည်ဖြစ်၍ တစ်နှစ်လုံးအတွက် သတင်းစာခ ငွေတစ်ဆယ့်ငါးကျပ်ကြိုတင် ပေးသွင်းထားကြရမည်”ဟု ကြော်ငြာစာရွက်များ ရိုက်နှိပ်ဝေငှခဲ့ရာ အရင်းအနှီးငွေကျပ် ၄၀၀၀ ခန့် ရရှိလာသဖြင့် သတင်းစာကို စတင်ထုတ်ဝေနိုင်ခဲ့သည်ဟု ဘကြီးဘဘောက ပြောကြားခဲ့ကြောင်း သတင်းစာဆရာကြီး ချစ်ကြည်ရေး ကြည်ညွန့်၏ “သမိုင်းဝင် သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာနိုင်ငံရေး” စာအုပ်တွင် ဖော်ပြခဲ့သည်။

## ပထမဆုံး သတင်းထောက်

သူရိယသတင်းစာတိုက်တွင် ပထမဆုံး လခစားသတင်းထောက်မှာ ခေါင်းကြီး ဦးထွန်းဖေဟု ခေါ်တွင်ခဲ့သော ဝန်ကြီးဟောင်း ထွန်းနေ့စဉ် ဦးထွန်းဖေပင်ဖြစ်သည်။ ဦးထွန်းဖေသည် မြန်မာနိုင်ငံ သတင်းစာလောကတွင် မြန်မာအမျိုးသားများထဲမှ ပထမဦးဆုံးသော သတင်းထောက်ဖြစ်သည်ဟုလည်း ဆိုပါသည်။ ထို့အတူ မြန်မာနိုင်ငံ သတင်းစာသမိုင်း၌ ပထမဦးဆုံး သတင်းဓာတ်ပုံကိုလည်း ၁၉၁၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ထုတ် သူရိယသတင်းစာကြီးတွင် စတင်ဖော်ပြခဲ့သည်ဟု မှတ်သားရပေသည်။

သူရိယသတင်းစာကြီး ထွက်ပေါ်လာပြီးနောက် မြန်မာ့အလင်းဟူသောအမည်ဖြင့် မဂ္ဂဇင်းကို စတင်စီစဉ် ထုတ်ဝေသူကား ဦးရွှေကြူး ဖြစ်သည်။ ၎င်းသည် ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်တွင် ရိုတ်စပီးယား စာပုံနှိပ်တိုက်အမည်ဖြင့် စာရေးဆရာကြီး ရိုတ်စပီးယား၏ စာများကို မြန်မာဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင် ရွှေကြူးကုမ္ပဏီအမည်ဖြင့် အလုပ်တိုက်ကို တည်ထောင်ဖွင့်လှစ်၍ အခြားကူးသန်းရောင်းဝယ်ရေး အလုပ်များကိုလည်း လုပ်ကိုင်ဆောင်ရွက်သည့်အပြင် ရွှေကြူးပုံနှိပ်တိုက်ဟူသော ပုံနှိပ်တိုက်တစ်တိုက်ထူထောင်ကာ မြန်မာ့အလင်းအမည်ဖြင့် တစ်လတစ်ကြိမ်မဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။

## ပထမကမ္ဘာစစ်ကာလ

၁၉၁၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာခဲ့ရာ ၁၉၁၄ ခုနှစ် ဩဂုတ် ၁၅ ရက် စနေနေ့၌ မြန်မာ့အလင်းသတင်းစာကို ရန်ကုန်မြို့၌ ဦးရွှေကြူးက စတင်ထုတ်ဝေခဲ့သည်။ ထိုအချိန်က မြန်မာ့အလင်း သတင်းစာ၏ အယ်ဒီတာချုပ်မှာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးဖြစ်၍ တာဝန်ခံအယ်ဒီတာအဖြစ် ဆရာသင်က ဆောင်ရွက်သည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြန်မာ့အလင်း သတင်းစာကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၁၀၉ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာ့အလင်းသတင်းစာ သန္ဓေတည်ပြီးနောက် ပထမကမ္ဘာစစ်ကြီးနှင့် ပတ်သက်၍ ၁၉၁၄ ခုနှစ် စက်တင်ဘာ ၂၁ ရက် တနင်္လာနေ့မှ စတင်ကာ “မြန်မာ့အလင်း စစ်ကြေးနန်းသတင်း” ကို တိုးချဲ့ရိုက်နှိပ်ထုတ်ဝေသဖြင့် စောင်ရေများစွာ တိုးတက်လာခဲ့သည်။ မြန်မာ့အလင်းသတင်းစာတွင် စစ်သတင်းများကိုသာ အထူးဦးစားပေးဖော်ပြလွန်းသဖြင့် “ရွှေကြူးစစ်သတင်းစာ” ဟူ၍ပင် ထိုခေတ်က ခေါ်ခဲ့ကြသည်။ “မြန်မာ့အလင်းစစ်ကြေးနန်းသတင်း” ကို နေ့စဉ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

မြန်မာ့အလင်း မဂ္ဂဇင်းတွင် တိုင်းသူပြည်သား အမျိုးသားများ မျက်စိပွင့်ရာပွင့်ကြောင်း နည်းကောင်းနည်းသစ်တို့ကို ဖော်ပြရေးသားသည့်နည်းတူ မြန်မာ့အလင်းသတင်းစာတွင်လည်း ကမ္ဘာစစ်ကြီးနှင့် ပတ်သက်သည့် ကြေးနန်းသတင်းထူးများကို ထည့်သွင်းဖော်ပြသဖြင့် တိုင်းပြည်က များစွာနှစ်သက်ခဲ့ကြသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ဆရာဇေယျ၏ မြန်မာ့မျက်ပွင့် (ရွှာခလေ့၊ လူ့ခလေ့)တွင် “ထိုစဉ်က ကျွန်တော်တို့နေထိုင်သောအရပ်မှာ တောမြို့ကလေးဖြစ်ပေသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် နံနက်စောစော ဝေလီဝေလင်းအချိန်မှစ၍ တောမှစပါးလှည်းများ ရောက်လာကြပြီးနောက် နံနက်ကိုးနာရီ ဆယ်နာရီလောက် စပါးရောင်းဈေးလာဝယ်၍ ပြန်ကြသည်။ သို့သော် ထိုနှစ်တွင် တောမှလူကြီးလူငယ်များမှာ စပါးရောင်းပြီး မပြန်နိုင်ကြသေးဘဲ ဈေးပတ်လည် လက်ဖက်ရည်ဆိုင်များသို့ လာရောက်၍ ရွှေကြူးစစ်သတင်းကို ဝဝကြီး နားထောင်ပြီးမှ ပြန်နိုင်ကြလေသည်။ ရှေးပဝေသဏီမှစ၍ ကျေးရွာလက်စွဲဖြစ်သော ဘုရားရှိခိုးမူဟောင်း၊ သုတန္တိစ္စယကျမ်း၊ မောင်ဘိုးစိန်၊ ကိုအောင်ဗလတို့ ကပြသော သူခိုးကြီး ထိလပ် ပြဇာတ်ဆိုသည်များကို သတိမရကြတော့ဘဲ ရွှေကြူးစစ်ကြေးနန်းသတင်းကိုသာ စွဲလမ်းလျက်ရှိကြလေသည်။ နှုတ်ခမ်းမွှေးဇာမဏီ ကိုင်ဇာကြီး၏ ကရူဇာစစ်သင်္ဘောကြီးက အင်္ဂလိပ်သင်္ဘောကြီး သုံးစင်းကို တစ်ချက်တည်း မြှုပ်ပစ်လိုက်သည်ဟု ကြားရလျှင် ကိုင်ဇာကွဟုဆိုကာ လက်သီးလက်မောင်းတန်းလျက် အလွန်ဝမ်းသာကြသည်။ သို့လျှင် ကမ္ဘာနှင့် အဆက်အသွယ်မရှိသော မြန်မာကျေးလက်တောသူတောင်သားများမှာ ရွှေကြူးကြေးနန်းသတင်း၏ ကျေးဇူးဖြင့် ရှေးဦးစွာ ကမ္ဘာနှင့်ဆက်မိကြလေသည်။” ဟု ဖော်ပြခဲ့လေသည်။

၂၀ ရာစုအစပိုင်းတွင် ထွက်ပေါ်လာခဲ့သည့် မြန်မာသတင်းစာများဖြစ်သည့် သူရိယနှင့် မြန်မာ့အလင်းသတင်းစာများသည် မြန်မာ့သတင်းစာ တစ်ခေတ်ကို ထူထောင်နိုင်ခဲ့ကြသည်ဟု ဆိုရမလောက်ပင် တိုင်းသူပြည်သားလူအများက စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့ကြသည်ကိုတွေ့ရှိရသည်။

၁၉၁၅ ခုနှစ်တွင် “မတ်လ ၁၅ ရက်နေ့ကို သတိပြုပါ” ဟူသော မြန်မာ့အလင်းသတင်းစာကြော်ငြာကြောင့် အစိုးရက အထင်လွဲကာ ပိုင်ရှင် ဦးရွှေကြူးနှင့် ၎င်း၏ ညီကို အကျယ်ချုပ်ဖြင့် ဖမ်းခဲ့သည်။ မတ် ၁၅ ရက် လွန်မြောက်၍ ထူးခြားချက်မတွေ့မှသာ အစိုးရက ပြန်လွှတ်၍ အာမခံငွေ ၅၀၀၀ တောင်းခဲ့ရာ ဦးရွှေကြူးက ထိုငွေကို မတင်ဘဲ သတင်းစာကို ရပ်စဲပြီး ၁၉၁၆ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ခရီးထွက်ခဲ့ပြီး မြန်မာ့အလင်း မဂ္ဂဇင်းနှင့် သတင်းစာကို ခေတ္တရပ်နားခဲ့သည်။

ယင်းနောက် အင်ဒိုချိုင်းနား၌ ထိုစဉ်က ရောက်ရှိနေသော မြင်ကွန်းမင်းသားကြီးထံဝင်၍ မြန်မာပြည်ကို မြန်မာမင်းဆက်များလက်သို့ ပြန်အပ်ရေးကိစ္စ ဆွေးနွေးခဲ့သည်။ ထိုကိစ္စကြောင့် ဗြိတိသျှအစိုးရက ဦးရွှေကြူးအား မြန်မာပြည်သို့ ပြန်ပို့ရန် ဂျပန်အစိုးရအားတောင်းဆိုသည်။

ဂျပန်နိုင်ငံမှအပြန် စင်ကာပူအရောက်တွင် မြန်မာပြည်သို့ မပြန်ရဟု ဗြိတိသျှအစိုးရက ပြည်နှင်ဒဏ်ပေး၍ စင်ကာပူ၌ နေရသည်ဟုဆို၏။ အခြားမှတ်တမ်းတစ်ခုအဆိုမှာ စင်ကာပူမြို့သို့ ဦးရွှေကြူးရောက်သောအခါ မြန်မာ့အလင်းပုံနှိပ်စက်များကို ရောင်းချလိုက်ပြီဟု ညီဖြစ်သူ ဦးထွန်းဝင်းထံမှ သတင်းကြားရသဖြင့် စိတ်ပျက်ကာ စင်ကာပူ၌ပင် နေရစ်ရန် ဆုံးဖြတ်ခဲ့ပြီး ဦးရွှေကြူးနှင့်အတူ ပြန်လာသည့် မန္တလေးမှ ဦးကိုကိုကြီးက ငွေကျပ် ၃၀၀၀ ဖြင့် ဦးရွှေကြူးပိုင် မြန်မာ့အလင်း သတင်းစာကို ဝယ်ယူခဲ့သည်ဟူ၍ ဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Htet Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နေ ထက်အောင်အား ညနေ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Zay Yar Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (ဃ)ရပ်ကွက်နေ ဇေယျာထွဋ် (ခ) မိုဟာမက်အား ည ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန် ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှု ကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၀ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် လက်လုပ်ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကိုးမမကျည် ငါးတောင့်တို့ကို အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လက်နက်/ ခဲယမ်းပါရှိမှုအတွက် ဆုကြေးငွေများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် အလင်းဝင်ရောက်လာသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက် ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၁၁

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်း ချက်အသင်းကို အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့်လွဲချော်

ရန်ကုန် ဩဂုတ် ၁၁

ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ Continental Futsal Champion-ship 2023 ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် ချက်အသင်းက မြန်မာအသင်းကို ငါးဂိုး - တစ်ဂိုး၊ အိမ်ရှင် ထိုင်းအသင်းက အာဖဂန်နစ္စတန်အသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဥရောပအသင်းဖြစ်သော ချက်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်အရေးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ ချက်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို လှိုင်မင်းထွန်းက သွင်းယူပေးခဲ့သည်။

ဩဂုတ် ၁၃ ရက်တွင် တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်း၊ ဗိုလ်လုပွဲအဖြစ် အိမ်ရှင် ထိုင်းအသင်းနှင့် ချက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၀၀ ကျပ် | ၂၅၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၅ ကျပ် | ၂၆၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၁၀ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၂၇၆ | ၂၄၇၆၈၀၀ |
| MTSH | ၃၀၀၀ | ၃၁၀၀ | ၁၃၃၈ | ၄၀၆၆၀၀၀ |
| MCB | ၇၆၀၀ | ၈၀၀၀ | ၂၄၁ | ၁၉၂၆၈၀၀ |
| FPB | ၁၆၀၀ | ၁၆၅၀ | ၂၉၉၃ | ၄၉၃၅၄၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၃ | ၇၃၅၀ |
| EFR | ၂၃၀၀ | ၂၃၅၀ | ၄၅၃ | ၁၀၆၁၅၅၀ |
| AHPC | ၅၀၀၀ | ၅၀၀၀ | ၁၀၁ | ၅၀၅၀၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၃၉၆၁ | ၇၅၂၅၉၀၀ |

ညီညီ - စုစည်းသည်

# ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းတံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန် ဩဂုတ် ၁၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲဗိုလ်လုပွဲများကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်း စုပေါင်းတံခွန်စိုက်ဖလား ဆွတ်ခူးရရှိသွားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားဝါသနာရှင်များ၊ ပြည်သူများက ဗိုလ်လုပွဲပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီး ဆုများချီးမြှင့်ရာ မီတာ-၅၀၀ အမျိုးသား၊ အမျိုးသမီး၊ အမျိုးသား+အမျိုးသမီး ၇ တက်၊ ၁၀ တက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများအား တိုင်းဒေသကြီးဝန်ကြီးများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ရွှေနှစ်ခု၊ ငွေနှစ်ခုဖြင့် တံခွန်စိုက်ဆုဖလား ရရှိသော ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းအား ဆုဖလားနှင့် ငွေသားဆု ချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေလေးခုဖြင့် တံခွန်စိုက်ဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းအား ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ ရွှေရှစ်ခု၊ ငွေနှစ်ခုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား စုပေါင်းတံခွန်စိုက်ဖလားနှင့် ငွေသားဆုကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းတို့မှလွဲ၍ အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ခုနစ်သင်း၊ အားကစားသမား ၃၆၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**အာကာစိုး**



**သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ**

**ငြင်းချက်ထုတ်ရန်သမ္မာန်စာ**

**(တရားမကျင့်ထုံး ကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**တောင်ငူမြို့နယ်တရားမရုံးတော်၌**

**၂၀၂၃- ခုနှစ်၊ တရားမကြီးမှုအမှတ် ( ၁၀၃ )**

**ဒေါ်ဝင်းမာ** — **တရားလို** — **နှင့်** — **ဦးကျော်ဝင်း** — **တရားပြိုင်**

တောင်ငူမြို့၊ (၂၂)ရပ်ကွက်၊ မင်းကြီးညိုနေ ဦးကျော်ဝင်း(ဘ)ဦးထွန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း(၃)လမ်း၊ အမှတ်(၂၃၈)ဟုခေါ်တွင်သော ၁၂ခန်းတွဲ(၅)ထပ်တိုက်၏ (၅-လွှာ)(A)(ခေါင်းရင်းခြမ်း) အခန်းအကျယ်အဝန်း(၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိစွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအစဉ်အဆက်စာချုပ်များဖြင့် ပိုင်ဆိုင်ထားသူ ဒေါ်အိအိမွန် ၁၂/ဒပန(နိုင်)၀၄၀၇၄၈ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းအဥ္ဇလီ ၁၂/သကတ(နိုင်)၁၉၇၄၁၉ မှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအားအရောင်း အဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)** အထက်တန်းရှေ့နေ (စဉ်–၄၈၉၆၅)

**ဒေါ်ခင်လေးမွန်(LL.B)** အထက်တန်းရှေ့နေ(စဉ်–၅၁၆၈၂)

တိုက်အမှတ် (N–1)၊ အခန်းအမှတ် (၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉

## လင်မယားကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် မည်သို့မျှပတ်သက်မှုမရှိတော့ကြောင်း ကြေညာခြင်း

ဒေါ်ဇင်လဲ့လဲ့ခိုင် ၉/ခမစ(နိုင်)၀၁၁၁၆၀ နှင့် ဦးသက်ဆွေ(ခ)ဦးသန့်ဇင်အောင် ၁၂/လမတ(နိုင်)၀၂၈၈၅၀ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် ၁၀-၁၀-၂၀၁၆ ရက်တွင် **"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"**ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးသက်ဆွေ (ခ) ဦးသန့်ဇင်အောင်နှင့် ဒေါ်ဇင်လဲ့လဲ့ခိုင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွယ်ခြင်း မရှိပါကြောင်းနှင့် ဦးသက်ဆွေ (ခ) ဦးသန့်ဇင်အောင်နှင့်ပတ်သက်သည့် လူမှုရေးကိုယ်ရေးကိုယ်တာကိစ္စရပ်များ၊ ငွေကြေးကိစ္စအဝဝတို့သည် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဇင်လဲ့လဲ့ခိုင်နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်း အများသိစေအပ်ပါသည်။ ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်လဲ့လဲ့ခိုင်အား ဦးသက်ဆွေ (ခ) ဦးသန့်ဇင်အောင်အနေဖြင့် တစ်စုံတစ်ရာ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းမပြုလုပ်ရန် ဒေါ်ဇင်လဲ့လဲ့ခိုင်၏လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ပတ်သက်ခြင်းမပြုလုပ်ရန်နှင့် ဒေါ်ဇင်လဲ့လဲ့ခိုင်၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြောအဆို၊ အပြုအမူများလုံးဝမပြုလုပ်ရန် အကြောင်းကြားသတိပေးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဇင်လဲ့လဲ့ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)** အထက်တန်းရှေ့နေ (စဉ်–၄၈၉၆၅)

**ဒေါ်ခင်လေးမွန် (LL.B)** အထက်တန်းရှေ့နေ(စဉ်–၅၁၆၈၂)

တိုက်အမှတ် (N–1)၊ အခန်းအမှတ် (၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၅)၊ ဦးပိုင်အမှတ်(၈)၊ ၅၃ လမ်း နှင့် ၅၄ လမ်းကြား၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဟွန်တီထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၁၀/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီးဟွေကြီး ၁၃/သပန(နိုင်)၀၃၀၃၃၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၄၅/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရင်မြင့် (ခ) ဒေါ်ချီဝှေ့ ၁၃/လရန(နိုင်)၀၉၈၄၅၁ က အမည်ပြောင်းလျှောက်ရန်ရေးကူးခဲ့သော မြေပုံ၊ မြေရာဇဝင်တို့မှာ လျှောက်ထားခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ထပ်မံ၍ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၃၄-က၊ ကွေ့ကြီးအရှေ့မြောက်)၊ ဦးပိုင်အမှတ်(၁၀၆/၂၀)၊ ဧရိယာ၀ ဒသမ ၅၀ ဧကရှိ မြေအား ဦးဝင်းနိုင်စိုးအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာအနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ဖုန်း–၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ လွယ်မောကျေးရွာအုပ်စုနေ ဦးရာဇာရှိုင်း(ခ)ဦးရာဇာရှိန်း (ဘ)ဦးမြင့်သိန်း ၁၃/ကလန(နိုင်)၀၉၂၂၅၉ မှ ဦးအောင်စိန်(ခ)စိန်ဝင်း (ဘ) ဦးစိန်ထိုးယုံ ၁၃/ကလန(နိုင်)၀၀၄၂၉၈ အား ၁၂-၁၀-၂၀၂၀ ရက်တွင် ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၉/၂၀၂၀)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း။

ဦးရာဇာရှိုင်း(ခ) ဦးရာဇာရှိန်း ၁၃/ကလန(နိုင်)၀၉၂၂၅၉

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် –၂၁ ၊ နည်းဥပဒေ – ၂၂)**

**အင်းစိန်ခရိုင်တရားရုံး**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၄၀ နှင့်ဆက်နွယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၃၁**

ဦးမြင့်ဇော် **ဒီကရီအနိုင်ရသူ** နှင့် ဒေါ်ယဉ်ယဉ်လှိုင်ကျော် **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပါတ်လမ်း၊ အမှတ်(၁၉၂/A)နေ တရားရှုံးဒေါ်ယဉ်ယဉ်လှိုင်ကျော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၄၀ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမြင့်ဇော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၇ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၇၄၉)၊ ဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိ ဒေါ်အေးအေးလွင်၊ ဒေါ်ဝါဝါလင်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသောင်းဇော်ဦး (ဘ) ဦးသောင်းဟန် ၁၂/ရကန(နိုင်)၀၅၉၄၃၇ မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၇၄/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ယဉ်ယဉ်သန်း (ဘ) ဦးကံညွန့် ၁၄/မအန(နိုင်)၀၀၃၉၉၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)ရပ်ကွက်၊ မေယု(၄)လမ်း၊ မြေကွက်အမှတ်(၁၃၂၉)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေထဲမှတရားဝင်မခွဲမစိတ်ရသေးသော [မြေကွက်အမှတ် (၁၃၂၇)နှင့် ကပ်လျက်အခြမ်း] မြေအလျား x အနံပေ(၂၀x၆၀) ရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော ဦးတင်ဝင်း (PGN–123640)၊ ဒေါ်ခင်ခင် (MGN–159321) ထံမှ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်သူ ၁၂/မဂဒ(နိုင်)၁၀၀၉၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟန်ဦးစော ၉/ကပတ(နိုင်)၂၀၆၆၄၀ မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေအကွက်အမှတ်၁၁၀၅ ၊ မြေကွက်တည်နေရာအမှတ် ၁၁၀၅၊ အဝေရာလမ်း၊ ၄ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဒေါ်စန်းရင်) ၁၂/မရက(နိုင်)၀၁၈၂၀၈ အမည်ပေါက်ပေ(၄၀x၆၀) စတုရန်းပေ၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်စန်းရင်နှင့် ၎င်းထံမှ ပေ(၂၀x၆၀) ဝယ်ယူထားသူ ဒေါ်ခိုင်ခိုင်ပြုံးတို့အား (တရားပြိုင်)ထားကာ ဒေါ်စန္ဒာဝင်း ၁၂/ဒဂန(နိုင်)၀၂၄၄၈၂ မှ (တရားလို) ပြုလုပ်၍ ပေ(၄၀x၆၀) စတုရန်းပေ နှစ်(၆၀)ဂရန်မြေကွက်အနက် မြေကွက်၏ခြေရင်းဘက် အခြမ်း ပေ(၂၀x၆၀) အား ဒဂုံမြို့သစ်ခရိုင်တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရုံး) အမည်ပေါက် ဒေါ်စန်းရင်နှင့် ဒေါ်ခိုင်ခိုင်ပြုံး တို့ကိုယ်စား ဘိလစ် ဒေါ်မြသီဂီအောင် ၁၁/စတန(နိုင်)၀၅၅၀၉၄ မှ ဒဂုံမြို့သစ်ခရိုင်တရားရုံးတရားမကြီးမှုအမှတ် ၃၆၇/၂၀၂၂ (၂၀-၉-၂၀၂၂)၊ တရားမဇာရီမှုအမှတ် (၂၄၆/၂၀၂၂) ၁၆-၁-၂၀၂၃ တရားရုံးများအပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့် အမိန့်၊ တရားမဇာရီမှုနေ့စဉ်မှတ်တမ်း၊ ဘိလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသည်ကိုသိရှိကြောင်း တရားနိုင် ဒေါ်စန္ဒာဝင်း မှလက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘိလစ်ဒေါ်မြသီဂီအောင်မှ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြေညာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန် (၁)လမ်းရှိ အမှတ် (၁၄)မြေကွက်တွင် ဆောက်လုပ်ထားသည့် (၃) ခန်းတွဲ (၅)ထပ်တိုက်ရှိ (၂)လွှာ (B)၊ မြေညီထပ်၏ မှန်ခန်း(အလယ်) ဟု ခေါ်တွင်သော ပေ(၁၂x၅၀)အကျယ်ရှိ တိုက်ခန်းအား ဒေါ်ခင်ပပ ၁၁/ကဖန (နိုင်) ၀၅၀၈၉၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးဝင်းမြင့် ၁၂/မဂဒ (နိုင်)၀၅၂၂၂၀ နှင့် ဒေါ်ငြိမ်းငြိမ်းလှ ၁၂/မဂဒ(နိုင်)၀၅၂၂၁၉ တို့မှ ဝယ်ယူရန် အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား စပ်ဆိုင်သူတစ်ဦးတစ်ယောက်က ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်အိသူနွယ်စိုး (LL.B, LLM) | ဒေါ်ဆွေဇင်ဦး (LL.B) | ဒေါ်အေးအေးသန်း (LL.B) |
|---|---|---|
| စဉ် – ၈၇၄၈ | စဉ် – ၁၂၄၁၇ | စဉ် – ၁၂၄၈၆ |
| ဖုန်း–၀၉–၂၅၄၈၅၇၇၉၂ | ဖုန်း–၀၉–၄၂၀၀၈၈၉၈၃ | ဖုန်း – ၀၉ –၄၂၀၀၂၅၂၀၆ |

**တရားလွှတ်တော်ရှေ့နေများ**
**အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ဦးသန်းဌေးအောင် အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် ၁/က/၂၊ ကွင်းအမှတ် ၉၉၀/B၊ ဧရိယာ ၁ ဒသမ ၃၇ ဧကအကျယ်ရှိ မြေကွက်၏လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မူရင်းနှင့် မြေစာရင်း(၁၀၅) မူရင်းတို့သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှတ်ပြန်လည် လျှောက်ထားခြင်း အတွက် ကန့်ကွက်လိုသူများအနေဖြင့် ယနေ့မှစ၍ ခုနစ်ရက် အတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် လှည်းကူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**နောင်ဇင်လတ် ၁၂/ရပသ(နိုင်)၀၅၂၃၈၃**

## အများသိစေရန်ကြေညာခြင်း

ဒေါ်အိသဲအောင် ၁၂/ဥကတ(နိုင်)၁၆၃၉၃၂ နှင့် ဦးကျော်ကိုကိုမျိုး ၁၂/ဥကတ(နိုင်)၁၅၁၂၇၇ တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သည့်အတွက် နှစ်ဖက်အသိသက်သေ လူကြီးမင်းများ ရှေ့မှောက်တွင် ၉-၈-၂၀၂၃ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသဲအောင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဖြူဖြူဇော်**
**အထက်တန်းရှေ့နေ**
**စဉ်–၅၀၄၀၄ (၂၇-၁၀-၂၀၁၈)**
**အမှတ်(၁၁၀၇)၊ ပလွှာ၊ ယသဝတီ(၁၈)လမ်း၊ ၁၃ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၄၃၁၃၁၂၂၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ဝက်ဘာပါတ်လမ်း၊ အမှတ်(၁၉၈၁/က) အလျား(၂၀)xအနံ(၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသူ ဦးထင်လင်း (u/RGN–002159)၊ ထံမှ ကျွန်တော် ဦးဝင်းဗိုလ် ၁၀/ခဆန(နိုင်) ၀၁၁၄၅၅ မှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်း အဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဝင်းဗိုလ်**
**ဖုန်း–၀၉–၆၇၅၀၉၈၈၁၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလောမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၉

| ဒေါ်ခင်သူဇာမြင့် | နှင့် | ဦးသန်းနိုင် |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ နယ်မြေ(၅)၊ လျှပ်စစ်ရုံးဝင်းနေ ဦးသန်းနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်သူဇာမြင့်က အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဩဂုတ်လ ၂၈ ရက်(၁၃၈၅ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

**ရန်ကုန်တိုင်းဒေသကြီး ၊ အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊ အကွက်နံပါတ် ၉-အေ၊ (ယခုအခေါ်) အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်း၊ အမှတ် - ၁၇၁၆ ဟုခေါ်တွင်သော (အလျား ၃၀'X အနံ ၈၅')အနက်မှ (အလျား ၂၀'Xအနံ၄၀') ခေါင်းရင်းဘက်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း**

အထက်ခေါင်းစဉ်ပါ မြေကွက်နှင့်ပတ်သက်၍ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်နော်မဂ္ဂီ ၁၂/အစန(နိုင်)၀၄၅၀၀၅ မှ တရားဝင်ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံအရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်ဖလော်ရီ ၁၂/အစန(နိုင်)၀၄၁၁၃၂ ထံရောင်းချရန် ကမ်းလှမ်းပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ လည်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီး မြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်ဖလော်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နော်ဝင်းသန္တာဖေါ(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၆၁၂၄)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၆၂၃၉၇၁၆၉၊ ၀၉ – ၉၇၂၅၆၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ် (ဒ–၃၁၂၇၆)၊ ဦးကျော်ရင် (ဘ)ဦးလှရင် ၁/မကန(နိုင်)၀၃၅၅၇၂ အမည်ပေါက်ပါမစ်မြေကွက်အား ဦးကျော်ရင်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၄၄/၂၀၁၂)၊ ၂၃-၁-၂၀၁၂ ရရှိထားသူ ဦးတင်စောသန်း(ဘ)ဦးကျော်သန်း ၁၂/ပဘတ(နိုင်)၀၂၆၅၁၀ မှ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင် တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မိတ္တူမှန်) လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁)လ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)အားပယ်ဖျက်၍ မိတ္တူမှန်ကို လျှောက်ထားသူ ဦးတင်စောသန်းအား ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၇၇) ရပ်ကွက်၊ မြေကွက်အမှတ် (၄၇၃)၊ အကျယ်အဝန်းပေ( ၄၀x၆၀) ရှိ အမည်ပေါက် ဦးခင်မောင်မြင့် (ဘ)ဦးသန်း (ISN–203607) မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှ တစ်ဆင့် အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကနား ၁၂/ရကန(နိုင်)၀၄၈၃၈၂ မှအရှုပ်အရှင်းမရှိ အမှန် တကယ် လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်း ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းသိန်း ၁၂/ပဇတ(နိုင်)၀၃၄၃၉၄ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် မြေကွက် တန်ဖိုး၏တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်ဌေး (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၅၆၁၈၀၅၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ် (၆၁၉)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဦးဝင်းချို (၁၂/အစန (နိုင်) ၀၂၉၇၃၄) (LWE-၁၂၁၃၁၉) အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဝင်းချို ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ဂရန်မူရင်းပျောက်ဆုံးကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးညီဝင်း(ခ)ဦးမောင်မောင် ၁၃/တကန(နိုင်)၀၁၀၇၄၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးညီဝင်း(ခ)ဦးမောင်မောင် ၁၃/တကန(နိုင်)၀၁၀၇၄၀ ပိုင်ဆိုင်သော တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (၈၆-ခ)၊ အကွက်အမည် အား/ကာသိပ္ပံ အနောက်အရပ်၊ ဦးပိုင် အမှတ်–၁၃၆ ၊ မြေကွက်အမှတ်(၇၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ မြေငှားဂရန် အမှုတွဲ အမှတ်–၇၃/၂၀၁၅၊ ဦးညီဝင်း(ခ)ဦးမောင်မောင်အမည်ပေါက် မြေငှားဂရန် မူရင်းပျောက်ဆုံးသွားပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ အများ သိစေရန် ကြေညာပြီး ခုနစ်ရက်အတွင်း ဂရန်မူရင်းအား သက်ဆိုင်ရာဌာနတွင် ပြန်လည်လျှောက်ထားပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၀၈၇)**
**နယ်မြေ(၅)၊ စဝ်စံထွန်းရပ်ကွက် ၊ တောင်ကြီးမြို့။**
**ဖုန်း–၀၉–၉၄၅၁၅၆၅၆၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ–၃၂၇၄၅)၊ ဒေါ်ကြည်ကြည်သန်း(ခ)လီဖီလိန် (ဘ)ဦးမြတ်သူ ၁၂/ပဘတ(နိုင်)၀၁၁၁၆၀ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ကြည်ကြည်သန်း(ခ)လီဖီလိန် သေဆုံး သွားပါသဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ခင်ပွန်းဖြစ်သူ ဦးမျိုးတင့်(ခ) ဦးဝမ်ဟွီဟိုး (ဘ)ဦးအဝမ်း ၁၂/ပဘတ(နိုင်)၀၁၉၁၄၀မှ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မူရင်း၊ အမွေဆက်ခံပိုင်ဆိုင်ခွင့်မှတ်ပုံတင်ကျမ်းကျိန်လွှာ (မူရင်း)၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံး ကြောင်း လက်မှတ်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို လျှောက်ထားသူ ဦးမျိုးတင့်(ခ)ဦးဝမ်ဟွီဟိုးအား ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၄၅၊ ဝါရောင်လမ်း၊ မြေကွက်အမှတ်–၁၈၆၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ ဦးတင်မြင့် (AA–၁၄၇၈၆၀) အမည်ပေါက်ထံမှ ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ဆိုမား ၁/မကန(နိုင်)၀၀၄၀၆၀ သည် ဝယ်ယူခဲ့ရာ အဆိုပါအိမ်နှင့် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်လိုပါသဖြင့် သတင်းစာတွင် ပါရှိသည့် ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်ပေးပါရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်ခိုင်ဆုဝေ (LL.B) | ဒေါ်မိုးမီမီခိုင် (LL.B) |
|---|---|
| (စဉ် – ၅၃၃၆၉) | (စဉ် – ၅၃၄၉၁) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၅၀၀၂၈၁၀၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၄၁၊ မြတ်လေးလမ်း၊ မြေကွက်အမှတ်–၁၂၇၃၊ နှစ်(၆၀)ဂရန် မြေအမျိုးအစား၊ ဒေါ်သင်းကြူ (စီဂျီ–၀၂၈၀၆၄) ၁၂/တမန(နိုင်)၀၀၈၆၇၇ အမည်ပေါက်ထံမှ ကျွန်ုပ်တို့၏အမှုသည် ဒေါ်ထက်ထက်စိုး ၁၂/ဒဂမ(နိုင်) ၀၁၅၀၈၁ သည် ဝယ်ယူခဲ့ရာ အဆိုပါအိမ်နှင့်မြေကွက်အားမှတ်ပုံတင်အရောင်း အဝယ်စာချုပ် ပြုလုပ်လိုပါသဖြင့်သတင်းစာ တွင်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်ပေးပါရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်ခိုင်ဆုဝေ (LL.B) | ဒေါ်မိုးမီမီခိုင် (LL.B) |
|---|---|
| (စဉ် – ၅၃၃၆၉) | (စဉ် – ၅၃၄၉၁) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၅၀၀၂၈၁၀၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်း အထက Grade–12မှ မောင်ရှိုင်း မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၇/သကန(နိုင်)၀၄၃၈၆၂ ဖြစ်ပါသည်။

**ဦးကျော်နိုင်**
**ပုတီးကုန်းမြို့**

## အမည်မှန်ဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကအီးအုပ်စု၊ ကအီးရွာမနေ (ဘ)ဦးဘဝင်းအောင် ၁၁/မအန(နိုင်)၀၆၀၆၇၄ ၏ သမီး မစောသဇင်အောင် ၁၁/မအန(နိုင်)၀၇၄၀၃၄၏ အမည်မှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ မစိုးသဇင်အောင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်တွေမြို့၊ အမှတ်(၁၅)မူလွန်ပြည်တော်သာကျောင်း၊ Grade–3မှ အောင်ကျော်ကျော်မင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသာဒိုး ၁၁/စတန(နိုင်) ၁၅၂၄၄၅ ဖြစ်ပါကြောင်း။

**ဦးသာဒိုး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 61W/66608 Luojia 110 ယာဉ်လက်ဝယ်ရှိသူ စောအယ်ထူး ၁၄/မအန(နိုင်)၂၈၇၁၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့၊ အထက်တန်းကျောင်းမှ မဖောဒမ် (G–8) ဖခင်အမည်မှန်မှာ ဦးညင်တွမ်း ၅/လဟန(နိုင်)၀၁၈၆၁၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မင်းကင်းမြို့နယ်၊ ကျွန်းတော်ကျေးရွာနေ ဦးခင်မောင်ဌေး ၅/မကန(နိုင်)၀၁၄၈၃၆ ပိုင်ဆိုင်သော အောင်မျိုးနိုင် ရညန/စက/၁၅၅၁ နှင့် လုပ်ငန်းလိုင်စင်အမှတ် ရညန/လငလစ/စက/က–၅/၉၄၀ လုပ်ငန်းလိုင်စင် အပိုင်း(၁)ကတ် ပျောက်ဆုံးသွား၍ တွေ့ရှိပါက ဖုန်း–၀၉–၇၉၉၀၀၆၁၄၀ သို့ အကြောင်းကြားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သွေးသည် အသက်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၄**

၁။ ဒေါ်ချိုချိုဝင်း နှင့် ဦးရွှေတင်
၂။ ဒေါ်စန္ဒရာချော

(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈) ရပ်ကွက်၊ သီဟလမ်း ၊ အမှတ်- ၂၁၇ နေ ဦးရွှေတင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကိုထု ချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ့်စားလှယ် ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀**

ဦးဘတင် နှင့် ဦးဇော်လွင်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁/၁၃) ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၂၂) ရပ်နေ ဦးဇော်လွင်(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘတင်က ပဋိညာဉ်အတိုင်း အရောင်း အဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၈ ရက်(၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြူဖြူ)
မြို့နယ်တရားသူကြီး
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၅၀၇)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်နန်းမြ (ဘ) ဦးလှိုချင်တောင် ၁၃/မကန(နိုင်)၀၀၀၂၂၈ အမည်ပေါက်ပါမစ် မြေကွက်ကိုဒေါ်ယုယုဝင်း (ဘ) ဦးအောင်စိုးဝင်း ၁၂/လမန(နိုင်)၁၂၂၄၆၆ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှား စာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ကောလိယ ၂၆ လမ်း၊ အမှတ်(၁၇၇/က+ခ)၊ ၆ ထပ်တိုက် အဆောက်အအုံမှ ပေ(၁၈ x ၅၄) အကျယ်အဝန်းရှိ ပဉ္စမထပ် (၆လွှာ) တိုက်ခန်း(၁)ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြားလာသူ ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၆၇၆၂၉ ထံမှ ကျွန်ုပ်ကအပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခိုင်မာဦး ၁၂/ဥကတ(နိုင်)၁၆၄၉၃၇
ဖုန်း-၀၉-၇၉၂၃၀၃၇၇၊ ၀၉-၆၆၆၂၆၂၅၈၈

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၃**

ဦးသန့်ဇော်မင်း နှင့် ဒေါ်သီသီရှိန်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ သီဟလမ်း၊ အမှတ် ၂၀၄ နေ ဒေါ်သီသီရှိန် (ယခုနေရပ်လိပ်စာမသိသူ)သိစေ ရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ့်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက် ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ ဗိုလ်မင်းရောင်လမ်းမကြီး၊ မြေကွက်အမှတ်-၅၂၄/ခ၊ ပါမစ်မြေအမျိုးအစား၊ ဦးတင်ဆောင် (DLA-009047) အမည်ပေါက်၊ အကျယ်အဝန်းပေ(၂၀x၆၀) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ ဒေါ်သန်းမြင့်သည် ၇-၂-၁၉၉၄ ရက်၌ အိမ်အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး ဒေါ်သန်းမြင့် သည် ၁၁-၇-၂၀၂၁ ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးမြသိန်းသည် ၂၆-၇- ၁၉၉၇ ရက်၌လည်းကောင်းအသီးသီး ကွယ်လွန်ပြီး၊ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေညာသူ သားသမီးများဖြစ်သော ဦးအောင်ကြည်+၈ဦး တို့ထံ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်း အဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခိုင်ဆုဝေ (LL.B) | ဒေါ်မိုးမီမီခိုင် (LL.B) |
| (စဥ် - ၅၃၃၆၉) | (စဥ် - ၅၃၄၉၁) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်-၀၉-၄၅၅၆၇၇၆၁၅

## အများသိစေရန် ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၂၄/စာတိုက်အရှေ့)ဦးပိုင် (၁၃)၊ မြေဧရိယာ ၀ ဒသမ ၁၀၈ ဧက မြေငှားဂရန်အမှုတွဲအမှတ် ၈၃-၅/ ၂၀၀၀-၂၀၀၁ (အေ) ဦးစိုးလွင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဒေါ်လင်ဖုန် (ခ) ဒေါ်ကြည်ကြည်မြစိန်သို့အထွေထွေကိုယ်စားလှယ်လွှဲအပ်ကာ စာချုပ်အမှတ် ၃၂/ ၂၀၂၃ဖြင့် ဒေါ်အေးအုံး ၁၃/တယန(နိုင်)၀၄၀၂၇၃ သို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာခြင်း အပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ ရက်ပေါင်း(၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာအပ်ပါ သည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့**

## လူပျောက်ကြော်ငြာ



ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ၆၅ရပ်ကွက်၊ သရက်မြိုင်(၁)လမ်း၊ အမှတ် ၄၅၁ နေ ဦးကျော်ငြိမ်း အသက် (၈၁)နှစ် သည် ၉-၈-၂၀၂၃ ရက် ညနေတွင် လမ်းလျှောက်ထွက်စဉ် ပြန်ရောက် မလာပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် ။

ဖုန်း- ၀၉-၄၅၆၁၂၃၇၄၁ ၊
၀၉-၂၆၂၆၁၉၂၈၃ ၊
၀၉-၄၂၀၁၄၁၅၃၀

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၂)၊ အကွက်အမှတ်(၁၀/ဥယျာဉ်) ဦးပိုင်(၃၅)၊ မြေဧရိယာ ၀ ဒသမ ၂၅၄ ဧကမြေငှားဂရန်အမှုတွဲအမှတ် ၃၁-၅/၂၀၀၂-၂၀၀၃ (အေ) ဦးဆူလောက်ဝမ်အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဒေါ်အဖွင်းမသို့ ကိုယ်စားလှယ်လွှဲအပ်ပြီး ဦးအောင်အောင်ထွန်း ၁၃/တကန(နိုင်)၀၀၃၂၇၂ သို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာခြင်း အပေါ် ကန့်ကွက်လိုပါကအထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ ရက်ပေါင်း(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါ သည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက် အမှတ် ( ၈/ပဒေသာ )၊ ဦးပိုင်အမှတ် ( ၁၇၆ ) မြေဧရိယာ ၀ ဒသမ ၁၁၀ ဧက မြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဦးဆန်းထွန်းဝင်း ၉/မမန(နိုင်)၀၂၂၄၂၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၅၆၅)၊ ဧရိယာ ၀ ဒသမ ၁၄၆ ကေရှိ ဒုဗိုလ်မှူးကြီးတင်ထွန်းဦး (ဘ) ဦးတင်ဟန်ဝင်း ၈/မကန (နိုင်)၀၂၁၃၀၈ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးသန်းဇော်ဦး (ဘ) ဦးစန်းထိန် ၁၂/တမန(နိုင်)၀၀၃၉၂၄ မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှား စာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၅၆၉)၊ ဧရိယာ ၀ ဒသမ ၁၄၆ ကေရှိ ဒုဗိုလ်မှူးကြီး မိုးမြင့်ထွန်း (ဘ) ဦးပေါ်ထွန်း၇/ကတခ(နိုင်)၀၀၇၈၃၆ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးသန်းဇော်ဦး (ဘ) ဦးစန်းထိန် ၁၂/တမန (နိုင်)၀၀၃၉၂၄ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက် မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက် မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက (ခွဲ) ကိုင်းတောကြီး ၊ Grade-6 မှ မစုပြည့်ရတီ၏ဖခင် ဦးမင်း မင်းအောင်၏ အမည်မှန်မှာ ဦးမင်းအောင် ၈/မဘန(နိုင်) ၁၀၄၇၈၄ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက (ခွဲ) ကိုင်းတောကြီး၊ Grade-6 မှ မဇွန်မြတ်ဖူး၏ဖခင် ဦးသိန်းလွင်ဦး ၏ အမည်မှန်မှာ ဦးစန်းလွင်ဦး ၈/မဘန(နိုင်)၀၇၉၈၃၃ ဖြစ်ပါ ကြောင်း။

**ဦးစန်းလွင်ဦး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၅ စီဂျီ၊ မြေကွက် အမှတ်(၃၂၇)၊ လူနေရပ်ကွက်အမှတ်- ဆရာစံမြောက် အနောက်၊ မြေအကျယ်ပေ (၂၀ x ၄၀)၊ (၈၀၀ စတုရန်းပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံအပါ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းသိန်း ၁၂/ရကန(နိုင်)၀၃၉၃၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာ ပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့် သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ပြီးသည့်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဒေါ်လှလှခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၄၀)
ဖုန်း-၀၉-၅၀၅၂၉၆၈

## နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ မြမာလာရပ်နေ ဦးထင်လင်းအောင် (ဘ) ဦးကျောင်းရိုင်မော် ၉/မကန(နိုင်)၀၉၄၂၃၃ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်တော် ဦးထင်လင်းအောင်နှင့် ဒေါ်နန်းမွေခမ်းတို့သည် ၂၆-၇-၂၀၂၃ ရက်တွင် ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌ မှတ်ပုံတင်အမှတ်(၆၉၉/၂၀၂၃)ဖြင့် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်ခြင်း မရှိသကဲ့သို့ သက်ဆိုင်မှုလည်းမရှိတော့ပါကြောင်း အများသိစေရန်အတွက် အသိပေးကြေညာအပ်ပါသည်။

ဦးထင်လင်းအောင်
၉/မကန(နိုင်)၀၉၄၂၃၃
မြမာလာရပ်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့။
ဖုန်း-၀၉-၄၀၃၇၂၂၂၈

## ဖခင်အမည်မှန်နှင့် အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက(ခွဲ) ကိုင်းတောကြီး၊ Grade-9 မစုဘိုမြင့်၏ အမည်မှန်မှာ အိမ်ထောင်စုဇယားအရ မဆုဗိုဗိုမြင့် ဖြစ်ပါကြောင်းနှင့် Grade-6 မှ မမြတ်နိုးဝေ၏အမည်မှန်မှာ မမေမြတ်နိုးဝေဖြစ်ပြီး ၎င်းတို့၏ဖခင် ဦးဝင်းဘို၏ အမည်မှန်မှာ ဦးဝင်းဗိုလ် ၈/ပဖန(နိုင်)၀၁၈၉၅၆ ဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ်၊ မဆုဗိုဗိုမြင့်၊ မမေမြတ်နိုးဝေ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/2252 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/2005 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန (ရွာသာကြီး)

## အများသိစေရန် ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၃၄-က/မီးလောင်ပြင်)၊ ဦးပိုင်(၅၆)၊ မြေဧရိယာ ၀ ဒသမ ၀၅၄ ဧက မြေငှားဂရန် အမှုတွဲအမှတ် ၈၁-၅/၂၀၀၁-၂၀၀၂ (အေ) ဦးမောင်မတ်(ခ)ဆန်မှတ် အမည်ပေါက် ပိုင်ဆိုင်သောမြေကွက် အား စာချုပ်အမှတ် ၂၅၀/၂၀၁၀ဖြင့် ဦးမင်းဖူသို့စာချုပ်အမှတ် ၂၅၀V/ ၂၀၁၀ သို့ရောင်းချခဲ့ပြီး ၎င်းမှ စာချုပ်အမှတ် ၃၁/၂၀၂၃ဖြင့် ဦးစိုင်း ဟန်ထွန်း ၁၃/တယန(နိုင်) ၁၀၇၁၈၁ သို့ ထပ်မံရောင်းချပြီး ဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက အထောက် အထား ခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ် ရုံးသို့ ရက်ပေါင်း(၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**တန့်ယန်းမြို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မောင်တို့၊ မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့ သင်ကြားပြုစုပျိုးထောင်ပေးရမည့်လူငယ်များကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည်အောင် သင်ကြားပေးကြရန်လို...**

❖ **ထိုသို့သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်...**

❖ **ထို့ပြင် လူငယ်၊ လူရွယ် ကျောင်းသား၊ ကျောင်းသူများကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေကိုသာ သင်ကြားပေးရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ◆

---

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

*စာမျက်နှာ ၉ ကော်လံ ၅* ✻

---


ယနေ့ *ဖတ် စ ရာ*

**တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်း သဘာဝဘေးများဖြစ်ပေါ်ပြီး ၂၉ ဦး သေဆုံး**
နိုင်ငံတကာသတင်း စာ ၁၃

**ရန်ကုန်-မန္တလေးရထားခရီးစဉ်များ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိ**
ပြည်တွင်းသတင်း စာ ၁၄